
www.burmeseclassic.com

# ရင်မှာသင်းသောမြစ်တစ်စင်း

က မျာ များ



www.burmeseclassic.com

www.burmeseclassic.com

နမော ဗုဒ္ဓါယ သိဒ္ဓံ

ဂုဏ်ထူးစာပေ

ဘာရတီစာပေ
မှ
ထုတ်ဝေ၍
ဂုဏ်ထူးစာပေ
အမှတ် ၁၉၂၊ ၃၃ လမ်း၊ ရန်ကုန်မြို့၊
တယ်လီဖုန်း - ၂၈၂၇၈၄/၂၈၇၁၈၆
မှ
ဖြန့်ချိသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

# ရင်မှဆင်းသောမြစ်တစ်စင်း

## ကဗျာများ

---

ညွန့်ဝေ၊ကသာ၊

www.burmeseclassic.com

www.burmeseclassic.com

# ညွန့်ဝေ(ကသာ) – ရင်မှဆင်းသောမြစ်တစ်စင်းကဗျာများ

ဘာရတီ စီစဉ်သည်


ထုတ်ဝေမှုမှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၈/၉၆(၇) |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၅/၉၇(၁၁) |
| | ပထမအကြိမ် |
| | ၁၉၉၈ ခု၊ ဒီဇင်ဘာလ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၂၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးဘာသီ (ဝ၈၀၁) |
| | ဘာရတီစာပေ |
| | အမှတ် ၆၆၊ ၁၂၃ လမ်း |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | မဝိရိတိ (၀၁၈၂၈) |
| | တောက်တောက်ဝင်းအော့ဖ်ဆက် |
| | အမှတ် ၁၆၉၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| အဖုံးရိုက် | ဦးမြသိန်း (၀၁၄၂၇) |
| | သိန်းမြင့်ဝင်းအော့ဖ်စက် |
| | အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | *KZ*AW DTP ၁၉၅၊ ၃၃ လမ်း။ |
| အတွင်းဖလင် | ဦးမြင့်အောင်(ပန်းချီ) |
| | ၃၈၈/၅၂ ဒဂုံမြို့သစ်။ |
| မျက်နှာဖုံးပန်းချီ | စံတိုး |
| အတွင်းသရုပ်ဖော် | မောင်ယုစိန် |
| အပြင်အဆင် | ကောဇော် ကွန်ပျူတာ |


## ဓာတိကာ


၁။ အဦးစကား ၁
၂။ မြသန်းတင့်၏ အမှာ ၅

**မြစ်ကြေ**

၃။ အင်းဆက်လူသား ၂၁
၄။ နစ်မျောခြင်း ၂၂
၅။ ရှင်ပြန်ထမြောက်ခြင်း ၂၄
၆။ စိမ်းဆတ်ဆတ်ရင်ခွင်တစ်ခုအကြောင်း ၂၅
၇။ ကိုယ်လမ်း ကိုယ်သွားကြသည် ၂၇
၈။ မလှတဲ့ည ၂၉
၉။ နေမကွယ်နယ်ပယ် ၃၁
၁၀။ မပြန်ချင်သော် ၃၂
၁၁။ နောက်ကျပန်း ၃၄
၁၂။ မသိစိတ်တို့ လှုပ်ရှားခြင်း ၃၆
၁၃။ ကြယ်ရယ် လရယ် ကမ္ဘာရယ် ၃၇
၁၄။ ပိုး ၃၉
၁၅။ ရွှေဖြစ်သွားတဲ့လူသား(ခေတ်ပြိုင်ဒဏ္ဍာရီ) ၄၃
၁၆။ ညအငှား ၄၅
၁၇။ ကောင်သမန်ရဲ့ အလှဆုံးအချိန် ၄၈
၁၈။ လူသုံးယောက် ထီးတစ်လက် ၅၀


www.burmeseclassic.com

www.burmeseclassic.com


၁၉။ လောကကြီးမှာ ၅၂
၂၀။ စေ ၅၃
၂၁။ တို့ကြုံခဲ့တဲ့ ဆိုင်နှစ်ဆိုင် ၅၄
၂၂။ ယူနီဗာဆယ် စတူဒီယိုသို့ အလည်ရောက်ခြင်း ၅၇
၂၃။ ည နှစ်ည ၆၁
၂၄။ မခက်ပါလား ၆၂
၂၅။ အိုဇုန်း ကုန်နှုန်း ဘုရားတိုင် ၆၅
၂၆။ ရစ်ဗယ်(န်)ဝင်းကဲ ၆၇
၂၇။ ညီညွတ်သောအကြောင်းတို့ဆုံရာ ၇၁
၂၈။ လာ. . . အသက် မျက်နှာသစ်စို့ ၇၃
၂၉။ ရွက်ကြွေမြေ ၇၅
၃၀။ ခြားနားသော တန်ဖိုးများ ၇၇
၃၁။ ဒဏ္ဍာရီတစ်ပုဒ် ၇၉
၃၂။ ဂေါက်နှင့်ဘဝ ၈၁
၃၃။ သူခိုးဖမ်းပွဲ ၈၃
၃၄။ သစ္စာတိုင် ၈၅
၃၅။ ကရွတ်ပတ်လမ်း ၈၇
၃၆။ အဖေ့ အနှစ်နှစ်ဆယ်အလွမ်း ၈၉
၃၇။ လှေငယ်ရှင် ၉၁
၃၈။ တစ်ယောက်သူ ၉၃
၃၉။ ရွှေမိရာသည်လမ်း ၉၅
၄၀။ ဦးခေါင်းနဲ့လူ ၉၇
၄၁။ နွေ၏ပုံရိပ်များလွန်သော် ၉၉
၄၂။ ဟိုဖခင် ၁၀၁
၄၃။ ပီတီပျောက်ကွယ်ခြင်း ၁၀၄
၄၄။ ပိုးလမ်းမ ၁၀၆
၄၅။ ကင်ဆာဆောင်မှာည ၁၀၉
၄၆။ ယုံကြည်သည်များ ၁၁၂
၄၇။ ဆန်းစစ်ခြင်း ၁၁၄
၄၈။ ခြေရာကောက်ခြင်း ၁၁၅
၄၉။ ချယ်ရီတွေပွင့်ပြန်ပြီ ၁၁၆
၅၀။ ကဗျာဆရာဖြစ်ဖို့ ဘာလိုသလဲ ၁၁၈


## မြစ်လယ်


၅၁။ မေတ္တာအိပ်မက် ၁၂၃
၅၂။ တစ်မျက်နှာတည်း နှစ်ယောက်
တစ်ယောက်တည်း နှစ်မျက်နှာ ၁၂၅
၅၃။ အသွင်ပြောင်းခြင်း ၁၂၇
၅၄။ သီချင်းသည်၏နေ့တစ်နေ့ ၁၃၁
၅၅။ အရက်ဦးမှာနှင်း ၁၃၄
၅၆။ အရှုံးပြုံးနဲ့ နှုတ်ဆက်မယ် ၁၃၅
၅၇။ နူပျို့ခြင်း ၁၃၇
၅၈။ သင်္ချာဂုရုများ ၁၃၉
၅၉။ အပြုံးရောင်းပါ ၁၄၁
၆၀။ လှံ့လပုံပြင် ၁၄၃
၆၁။ ပန်းကလေးရဲ့ ရွှေအိုရောင်အားမာန် ၁၄၄
၆၂။ ကျောက်တောရဂုံသွား တောလား ၁၄၅
၆၃။ အလိုဆန္ဒ၏ခန္ဓာဗေဒ ၁၄၈
၆၄။ လက်မခံ၍ ပြန်ခဲ့ဖူးသူ(မလေးလုံသို့) ၁၄၉
၆၅။ မြေတောင်မြှောက်ခြင်း ၁၅၂
၆၆။ ကွက်လပ်ဖြည့်ပါ ၁၅၃
၆၇။ ကျွန်တော့်ဆရာများ ၁၅၄


www.burmeseclassic.com

www.burmeseclassic.com

၆၈။ ငေးနေပေတော့ ၁၅၅
၆၉။ ငါယုံကြည်၏ ၁၅၇
၇၀။ အခန်းဝမှာ ၁၅၉
၇၁။ ချယ်ရီပွင့်သော နံနက်ခင်း ၁၆၀

**မြစ်ဖျား**

၇၂။ ရေကြည်စမ်းနှစ်သွယ် ၁၆၅
၇၃။ လမိုက်ညများ ၁၆၈
၇၄။ မြစပယ်ရုံ ၁၆၉
၇၅။ ချီကာဂို-မေ(၁)၊ ၁၈၈၆ ၁၇၀
၇၆။ စကားပြောသော မျက်လုံးများ ၁၇၂
၇၇။ ရင်ခွဲရုံမှ ကဗျာ ၁၇၅
၇၈။ မုတ်သုန်တစ်ရက် အိပ်မက်သံသရာ ၁၇၈
၇၉။ လက်ဝါးကပ်တိုင်များသို့ ၁၈၁
၈၀။ မိုးနဲ့ကရမယ် ၁၈၄
၈၁။ ဒင်ဘင်ဖူးဘွဲ့မော်ကွန်း ၁၈၇
၈၂။ စောင့်သူသို့ ၁၉၀
၈၃။ ပြန်၍မဖြစ်ပါစေနှင့် ၁၉၂
၈၄။ စစ်ကိုတားဆီးစို့ ၁၉၅
၈၅။ စစ်အပြီးဝယ် ၁၉၇
၈၆။ ငြိမ်းချမ်းရေးကို တောင်းဆို၏ ၂၀၀
၈၇။ တွေးကြည့်စမ်းပါ ၂၀၂
၈၈။ လိပ်နှင့်လူ ၂၀၄
၈၉။ အရှုံး ၂၀၅
၉၀။ မေးပါရစေ ၂၀၆
၉၁။ ဇွဲ ၂၀၇



## အဦးစကား

ကဗျာရေးသူတစ်ဦး၏ ကဗျာခရီးမှာ မြစ်တစ်စင်း စီးဆင်းသည်နှင့် တူအံ့ထင်ပါသည်။ မြစ်မမည်ကောင်း ချောင်းဘဝဝယ် အတားအဆီး ကျောက်ဆောင်တို့ကို ဖြတ်တန်ဖြတ်၊ ကွေ့ပတ်တန် ကွေ့ပတ်စီးဆင်းခဲ့ရမည်။ ရေအား နိမ့်လျော့ ချောင်းကောလုနီးတွင် ခါးစည်းကာ ဘဝ ဆက်တန် ဆက်ခဲ့ရမည်။ မြစ်ဘဝအစ မြစ်ဖျားတွင် မြစ်ကျဉ်းများ ဖြတ်တန် ဖြတ်ရမည်။ ခရီးဆက်ခဲ့ရသော မြစ်ကြောင်းတစ်လျှောက်ဝယ် ကမ်းပါးပြိုခြင်း၊ သောင်ထွန်းခြင်း၊ မြစ်ကြောင်းပြောင်းခြင်း အစ ရောမဖြစ်ရပ်များ ခံစားကောင်း ခံစားခဲ့ရမည်။ မြစ်အကြေတွင် ပြေပြေပြစ်ပြစ် ကောင်းသောအဖြစ်ကို ကြုံကောင်းကြုံခဲ့မည်။

ရင်မှဖြစ်သော ကဗျာမြစ်သည် မြစ်ဖျားမှ မြစ်ကြေ အရောက် ဆယ်စုနှစ်များကို တိုးဝှေ့ စီးဆင်းခဲ့သည်ကား အမှန်။ စီးလမ်းတစ်လျှောက် ကြုံခဲ့ရသော နောက်ခံရှုခင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



များ ဖြတ်ခနဲ ဖြတ်ခနဲ ပြောင်းလဲခဲ့လှပြီ၊ ဖြတ်သန်းခဲ့ရသော နှစ်များ၏ ပျော်စရာကောင်းမှု ဝေဒနာပေါင်းစုနှင့် မျှော်လင့်ချက်များသည် ကဗျာမြစ်ကို အထိုက်အလျောက် ရိုက်ခတ်လွှမ်းမိုးခဲ့မည်ကား ဓမ္မတာ။

ရင်မှစီးဆင်းခဲ့သော မြစ်တစ်စင်းသို့ အလည်ကြွပါရန်၊ ပျူပျူငှာငှာ ကြိုဖိတ်ပါ၏။ ကဗျာမြစ်သို့ အလည်အပတ်ခရီးကို မြစ်ကြေမှစကာ မြစ်လယ်ကိုဖြတ်၍ မြစ်ဖျားအရောက်ဆန်တက် ကြည့်ရှုခံစားကြပါရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဤစာအုပ်တွင် ကဗျာများ စဉ်ရာ၌ ကဗျာရေး နှစ်အစဉ်ကို ပြောင်းပြန်လှန်ကာ နောက်ဆုံးရေး ကဗျာများမှစပြီး အဦးရေးကဗျာများဖြင့် ဆုံးထားပါသည်။

ဤနေရာတွင် ကျွန်တော်၏ လက်ဦးကဗျာများနှင့် ပတ်သက်၍ ပြောစရာရှိပါသည်။ ဆယ်ကျော်သက်ရွယ် လက်သင်တစ်ဦး၏ အပျော်တမ်း အားထုတ်မှုမျှအဖြစ် မေ့ပစ် ချန်ထားလိုသည်မှာ အမှန်ဖြစ်ပါသည်။ ထိုကဗျာများသည် အတွေး အရေး မှန်မေးမှိန်ခြောက် မတောက်မပ ရှိကြမည်ပင်။ မည်သို့ရှိစေ လူငယ်တစ်ဦး၏ စိတ်အစဉ်တွင် ဟပ်ထင်ခဲ့ရသမျှသည် လတ်ဆတ်ကြည်လင် ဖြူစင်ရိုးသားနေတတ်ခြင်းကား နှစ်လိုဖွယ် ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။



မြစ်တစ်စင်း စီးဆင်းမှုတွင် မြစ်ဖျားမပါ မပြီးသကဲ့သို့ ထို လက်ဦးကဗျာများလည်း သူ့နေရာနှင့်သူ ရှိသင့်သည်ဟူသော အနေအထားဖြင့် ထိုကဗျာများကို ထည့်သွင်းထားရပါသည်။

"ရင်မှဆင်းသော မြစ်တစ်စင်း" ကဗျာစုတွင် ၁၉၉၂ ခုက ထုတ်ဝေခဲ့သော "စိတ်ပြတင်း" ကဗျာစာအုပ်ပါ ကဗျာများ မပါရှိတော့ပါ။ စိတ်ပြတင်းပါ ကဗျာများနှင့် ပေါင်းစပ်ဖြည့်စွက် ခံစားမည်ဆိုပါက ကဗျာမြစ်၏ ပုံရိပ်များ ပိုမိုပီသ ပြည့်ဝလာမည် ထင်ပါသည်။

မည်သို့ဆိုစေ ရင်မှဖြစ်သော ကဗျာမြစ်ကြောတွင် လန်းဆန်းကြွရွ ပန်းအလှတွေ တွေ့မြင်နိုင်ကြသလို မလွင်မတောက် ကိုင်းခြောက်ပေါ်လောတွေလည်း စီးမျောပါနိုင်ပါသည်။ ကဗျာဖတ်သူ၏ ကိုယ်ခံအကြိုက်နှင့် ပုဂ္ဂလိကခံစားမှုအပေါ် တည်မှီပါလိမ့်မည်ဟု တင်ပြရင်း. . . . .။

မေတ္တာရွှေထားလျက်
ညွန့်ဝေ(ကသာ)

www.burmeseclassic.com

www.burmeseclassic.com



# မြသန်းတင့်၏ အမှာ

ညွန့်ဝေ (ကသာ)က သူ့ကဗျာစုကို "ရင်မှဆင်းသော မြစ်တစ်စင်း" ဟု အမည်ပေးထားပြီး အပိုင်း သုံးပိုင်းခွဲထားသည်။ မြစ်ဖျား၊ မြစ်လယ်၊ မြစ်ကြေတဲ့။ ဟုတ်သည်ပေ့ါ။ မြစ်ဧရာသည် မြစ်ဖျား မလိခ၊ မြစ်လယ် မြေလတ်လွင်ပြင်နှင့် မြစ်ကြေပင်လယ်ဝတို့ကို ဖြတ်သန်းလာခဲ့ရသည်။ ပထမတော့ မြစ်ဖျား မလိခသည် ရေစီးသန်သန်၊ ကျဉ်းကျဉ်းမြောင်းမြောင်းကလေး ဖြစ်သည်။ နောက်တော့မှ အခြားသော မြစ်လက်တက်များ၊ ချောင်းများ၊ ရေစီးကြောင်းများနှင့် ပေါင်းဆုံကာ မြစ်ကြီးဖြစ်လာခဲ့သည်။ အစတုန်းကတော့ တောင်ကြား လျှိုမြောင်မှာ စီးဆင်းရသဖြင့် အဟုန်ပြင်းသည်။ စမ်းရေက စိမ်းလဲ့ကြည်လင်သော်လည်း လမ်းတွင်တွေ့သည့် မြေနှစ်မြေဆီ၊ သစ်ကိုင်းအစအန၊ သစ်ရွက်ခြောက်ကြွေတို့ကို သယ်ဆောင်လာရသဖြင့် ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါလည်း ရှိ၍ နောက်ကျိုသည့်အခါလည်း ရှိသည်။ ရေငတ်၍ ရေသောက်ချင်လျှင်ပင် ရော်ရွက်ခြောက်ကြွေတို့ကို ဖယ်ရှား၍ ရေကြည်ကို ခပ်ယူရသည်။

နောက်တော့ မြစ်ဖျားအစက စမ်းချောင်းကလေးသည် တစ်ဖြည်းဖြည်း အရှိန်ကောင်းလာခဲ့သည်။ မြစ်ကျဉ်းများကို ဝေ့ဝိုက် ကျော်ဖြတ်ရသည်။ တစ်ဖက်တစ်ချက်တွင် ကမ်းပါးမြင့်ကြီးတွေ ရှိသည်။ မြစ်ရေစီးသည် ရှေ့က တည့်တည့်ကြီး ခံနေသော ကျောက်သားကမ်းပါးယံကြီးကို ဝင်တိုက်ပြီးနောက် ကွေ့၍စီးသွားသည်။ ရေလုံးကကြီးပြီး မြစ်ကမ်းပါးက ကျဉ်းနေသောကြောင့် ကျောက်ဆောင်တို့ကို ဒေါသတကြီးဖြင့် တိုက်စားပစ်သည်။ နောက်တော့ နည်းနည်း ပြန့်ပျူးသည့်နေရာသို့ ရောက်လာသည်။ ပြန့်ပြန့်ပျူးပျူး အေးအေးဆေးဆေး စီးမည်အပြုတွင် ရှေ့တွင် နောက်ထပ် မြစ်ကျဉ်းတစ်ခုကို တွေ့ပြန်သည်။ သို့ဖြင့် မြစ်သည် လွင်ပြင်သို့ ရောက်လာခဲ့သည်။ လွင်ပြင်ကို ရောက်တော့ ကမ်းစပ် တစ်ဖက်တစ်ချက်သည် ဝေးကွာသွားကြပြီ။ ရေပြင်ကလည်း ကျယ်လာပြီ။ ရေစီးသည် ညင်သာလာသည်။ မြစ်ရေစီးသံကလည်း မြစ်ဖျားအစတုန်းက စီးသံလို ဆူညံခြင်းမရှိတော့။ ငြိမ့်ညောင်းလာသည်။ သည်လိုနှင့် မြစ်သည် မြစ်ကျဉ်းများကို ဖြတ်သန်းကာ၊ မြစ်ကွေ့များကို ဖြတ်သန်းကာ အတွေ့အကြုံတွေ ရလာခဲ့



သည်။ ပင်လယ်ဝနား ရောက်တော့ မြစ်ပြင်သည် ပို၍ ကျယ်ပြန့်သွားရာမှ အမြွာအမြွာ ဖြာထွက်ပြီး ပင်လယ်ထဲသို့ စီးဝင်သွားခဲ့သည်။

မြစ်၏ အထုပ္ပတ္တိသည် ဒါပဲဖြစ်သည်။

* * *

"စိတ်ပြတင်း" မှာ သူ၏ ပထမ ကဗျာစုစည်းမှုဖြစ်ပြီး ယခု "မြစ်တစ်စင်း" မှာ သူ၏ ဒုတိယ ကဗျာစုစည်းမှု ဖြစ်သည်။

"စိတ်ပြတင်း" မှာ နောက်,ရေးသားသော ကဗျာများ အများစုဖြစ်ပြီး "မြစ်တစ်စင်း" မှာ အရင်ရေးသော ကဗျာများသာမက 'စိတ်ပြတင်း' ထွက်ပြီးမှ ရေးသော နောက်ဆုံးရေး ကဗျာများပါ ပါသည်။ ထို့ကြောင့် "မြစ်တစ်စင်း" ကို မျှော်ကြည့်လိုက်လျှင် သူ့ ကဗျာရေစီးကြောင်းရာကို ကျွန်တော်တို့ တစ်မျှော်တစ်ခေါ် မြင်ရသည်။ အလွန်ဝေးသည့် ကဗျာမြစ်ဖျားအစကို လှမ်းမြင်ရသည်။ အချိန်မြစ်ဖျား အစကိုလည်း မြင်ရသည်။

အချိန်မြစ် ဆိုပါတော့၊ သူ၏ ပထမကဗျာကို ၁၉၄၉ ခုနှစ်တွင် ရေးခဲ့သည်။ ယင်းမှာ သူ့ ကဗျာမြစ်နှင့် အချိန်မြစ်၏ အစဟု ပြောရမည်ထင်သည်။ သူရေးခဲ့သည့် မဂ္ဂဇင်းတော်တော်များများမှာ ယခု မရှိတော့။ ယခုခေတ် လူငယ်

www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများပင် ထိုမဂ္ဂဇင်းများကို ကြားဖူးရုံသာ ကြားဖူးမည်ထင်သည်။ စာကြည့်တိုက်များ၊ စာအုပ်ဟောင်း သိမ်းသူများထံတွင်သာ ရှိတော့မည်။ သူ ပထမဆုံး ကဗျာ ရေးသော စာစောင်မှာ သတင်းစုံဂျာနယ် (၁၉၄၉) ခုနှစ် ဖြစ်သည်။ ထို့နောက် ပဒေသာမဂ္ဂဇင်း (၁၉၄၉)၊ ရှုမဝ မဂ္ဂဇင်း (၁၉၄၉)၊ ကလောင်စုံမဂ္ဂဇင်း (၁၉၅၁)၊ သွေးသောက် မဂ္ဂဇင်း (၁၉၅၂)၊ ဗမာအမျိုးသမီး မဂ္ဂဇင်း (၁၉၅၂)၊ အိုးဝေမဂ္ဂဇင်း (၁၉၅၂)၊ မြဝတီမဂ္ဂဇင်း (၁၉၅၄) စသည်တို့ ဖြစ်သည်။ ယင်းတို့အနက် မဂ္ဂဇင်း တော်တော်များများမှာ ရပ်စဲသွားခဲ့ကြသည်။

သည်တုန်းက ညွန့်ဝေ (ကသာ) သည် တက္ကသိုလ် ကျောင်းသား၊ ဆေးကျောင်းသား ဘဝမှာပင် ရှိဦးမည်။

သူ့ကဗျာများတွင် သူ့ရင်မှ ယိုဖိတ်လာသော ခံစား ချက်များ၊ အကြောင်းအရာများကလည်း အစုံ။ အားမာန်၊ တိမ်တိုက်၊ ပန်းပွင့်၊ မိုးစက်၊ စစ်၊ ငြိမ်းချမ်းရေး၊ အလုပ် သမားအရေးတော်ပုံ၊ အချစ် အကြင်နာ စသည်တို့ဖြစ် သည်။ ထိုစဉ်က ညွန့်ဝေ (ကသာ) သည် ကဗျာတွေကို တသွင်သွင် ရေးခဲ့သည်။ မြစ်ဖျား ရေစီးအစ ခံစားချက် ပြင်းချိန်ဖြစ်၍ ရေစီးလည်းမြန်သည်။ ကျောက်ဆောင်တို့ကို ကျော်ဖြတ်ရသည်လည်း ရှိသည်။ မြစ်ကျဉ်းကို ဖြတ်သန်း ခဲ့ရသည်လည်း ရှိသည်။



နောက်တော့ လွင်ပြင်ကို ရောက်လာလို့လားမသိ၊ သူ့ ကဗျာရေစီးသည် နှေးသွားသည်။ သူ့ကဗျာများကို များများ မတွေ့ရတော့။ တစ်ခါတလေမှသာ တွေ့ရတော့ သည်။ လက်ထောက်ဆရာဝန်၊ နိုင်ငံခြား ပညာတော်သင်၊ ခွဲစိတ်ဆရာဝန်ကြီး၊ပါမောက္ခ စသည့် သက်မွေးဝမ်းကြောင်း ပညာရပ်တွေ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေ၊ အလုပ်တွေ အောက်မှာ နစ်နေသည်။ ကဗျာများ မစပ်ဖြစ်တော့။ ၁၉၆၀ ခုနှစ်လောက်က စ၍ လူကိုလည်း မတွေ့ရ။ သူ့ကဗျာများ ကိုလည်း မတွေ့ရတော့။ တောင်ကြီးမှာ ဂေါက်ရိုက်တံ တစ်လှည့်၊ ခွဲစိတ်ဓားတစ်လှည့်ကိုင်ရင်း အချိန်ကုန်နေသည်။

တစ်ခါတရံ ကျွန်တော်နှင့်တွေ့၍ ကဗျာအရေးခိုင်း လျှင် သူသည် စီးကရက်ကိုခဲရင်း ပြုံးနေတတ်သည်။ ဘာ မှုတော့ မပြော။

ကျွန်တော်ကတော့ ကဗျာဆရာတစ်ယောက် ဆုံးရှုံး သွားပြီဟုသာ စိတ်မကောင်း ဖြစ်နေသည်။

၁၉၈၀ လွန်နှစ်များတွင်မူ သူ့ကဗျာများကို မဂ္ဂဇင်း များတွင် မကြာခဏ ပြန်တွေ့လာရသဖြင့် ဝမ်းသာရသည်။ "ကျွန်တော့်ကဗျာတွေ စုပြီး ထုတ်မလို့ဗျ၊ ဆေးရုံပေါ်မှ ကဗျာများလို့ နာမည်ပေးထားတယ်။ ဖတ်ကြည့်ပြီး အမှာ ကလေးဘာလေး ရေးပေးစမ်းပါ" ဟု ကျွန်တော့်ကို ပြောပြီး ကဗျာဖိုင်ကြီး တစ်ဖိုင်ကို ပေးသွားသည်။ သို့ရာတွင် သူ့

www.burmeseclassic.com

www.burmeseclassic.com



သည် တောင်ကြီးမှာနေပြီး ရန်ကုန်သို့ ဆင်းမလာပါ။ သူ့ကဗျာဖိုင်ကြီးမှာလည်း ကျွန်တော့်ဆီတွင် ဆယ်စုနှစ်တစ်ခုလောက် ကြာသွားပါသည်။ ကျွန်တော်လည်း သူ့ကဗျာကို အမှာမရေးဖြစ်ပါ။ စာအုပ်လည်း ထုတ်ဖြစ်ဟန် မတူပါ။

နောက်တော့ သူ၏ ပထမ ကဗျာစုစည်းမှုအဖြစ် "စိတ်ပြတင်း" ကို ထုတ်ဖြစ်သွားသည်။ သည်တုန်းကတော့ ကျွန်တော် အမှာစာမရေးဖြစ်လိုက်ပါ။

* * *

၁၉၈၄ ခုနှစ် နောက်ပိုင်းမှာ သူ ကဗျာ တော်တော်ရေးဖြစ်သည်။ သူ့ဘဝလည်း အများကြီး ပြောင်းလဲသွားသည်။ ဘဝတွင် အတူလျှောက်ခဲ့သူ တစ်ယောက်သည် ကိုယ့်ကို လက်တွဲဖြုတ်ကာ လောကကြီးထဲမှ ရုတ်တရက် ပျောက်ကွယ်သွားသော အဖြစ်လောက် လူတစ်ယောက်၏ ဘဝကို ပြောင်းလဲစေသည့်အရာ ရှိမည်မထင်ပါ။ သူ၏ခရီးဖော် လောကကြီးမှ ထွက်သွားသည့်အခါ၌ သူသည် အထီးကျန် ခံစားချက်ကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရဟန် တူသည်။

သူ့ဇနီးမဆုံးမီ တစ်လလောက်တုန်းက အဖြစ်အပျက်ကို ကျွန်တော် မှတ်မိနေပါသည်။ သူသည် သူ့ဇနီးကို ကျွန်တော့်ဆီသို့ ခေါ်လာပါသည်။ ကျွန်တော့်အိမ်ရှေ့ အရောက်တွင် ကားပေါ်မှ သူတစ်ယောက်တည်း ဆင်းလာကာ



"ဝေဝေ့ကို ဆေးရုံလာပြတာ၊ ခင်ဗျားညီမကို ဆင်းတွေ့လိုက်ပါဦး၊ သူ အပေါ်ကို မတက်နိုင်ဘူး။ ခင်ဗျားနဲ့ တွေ့ချင်လို့တဲ့" ဟု ပြောသည်။

"ဘာရောဂါလဲ"

"စီအေလို့ ပြောတာပဲ"

သူက ပြုံး၍ပြောပါသည်။ သို့ရာတွင် ထိုအပြုံးနောက်ကွယ်တွင် သူ ဘယ်လောက် ခံစားနေရသည်ကို ကျွန်တော် သိပါသည်။ ရှောင်၍မရသော ဘေးကြီးတစ်ခုကို သိသိကြီးနှင့် ရင်ဆိုင်ရင်း အားယူ၍ ပြုံးရသော အပြုံးမျိုးဖြစ်ပါသည်။

သူနှင့်ကျွန်တော်သည် တက္ကသိုလ်တွင် မရှေးမနှောင်း ရောက်လာခဲ့ကြသည်။ ကျွန်တော်က တစ်နှစ်လောက် စောမည်လားမသိ၊ သူကား သထုံကျောင်းဆောင် အခန်း ၁၂၇ မှာနေပြီး ကျွန်တော်က အခန်းနံပတ် ၄၉ မှာ နေသည်။ ကျွန်တော့်အခန်းမှာ အရှေ့ဘက်သို့ မျက်နှာမူထားပြီး ရှေ့တွင် ပုဂံကျောင်းဆောင်ဟောင်းနေရာ ကွက်လပ်ကြီးရှိသည်။ ကွင်းစပ်တွင် ပျဉ်းမပင်လေး တစ်ပင်နှစ်ပင် ပေါက်နေသည်။ သူ့အခန်းမှာ အသွားအလာ များသည့် ရှေ့မျက်နှာစာ လှေကားထိပ်အနီးတွင် ဖြစ်ရာ သူသည် အားလျှင် ချောင်ကျသည့် ကျွန်တော့်အခန်းသို့ လာပြီး ကဗျာတွေ စပ်နေတတ်သည်ကို ကျွန်တော် သတိရနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သူက ဆရာဝန်ဖြစ်၊ နိုင်ငံခြားသွား၊ စဝ်စံထွန်းဆေးရုံရောက်၊ ကျွန်တော်က ဘဝတက္ကသိုလ် ရောက်၊ တော်တော်နှင့် မတွေ့ဖြစ်ကြတော့၊ ကျွန်တော် တောင်ကြီး သွားရောက်သည့်အခါကျမှ တွေ့ဖြစ်ကြသည်။ ညနေဆိုလျှင် ဂေါက်အိတ်တွေ တင်ထားသည့် မော်တော်ကားဖြင့် ကျွန်တော်တို့ တည်းခိုရာသို့ ရောက်လာပြီး ထမင်းစားဖိတ်တတ်သည်။ ဘီယာနံ့နှင့် စီးကရက်နံ့က သင်းလျက်။

၁၉၉၁ ခုနှစ်တွင် ရေးသည့် "အသွင်ပြောင်းခြင်း" ဆိုသည့် ကဗျာတွင် သူ၏သောကရိပ်ကို ဝိုးတိုးဝါးတား မြင်လိုက်ရသည်။ သူက သူ့နှလုံးသားသည် ကျောက်တုံးကျောက်သား ဖြစ်သွားပြီဟု ပြောသော်လည်း ထိုစကားသည် တစ်ခါက ကျွန်တော်မြင်ခဲ့သော အပြုံးလို သောကကို ဖုံးလိုသည့်စကား ဖြစ်ဟန်တူပါသည်။

ပျော်ရွှင်ခြင်းတို့
မီးသင်းဖယောင်း
အိပျောင်းနွမ်းရော်
အရည်ပျော်ကျ
မျက်ရည်စများဖြစ်သွား၏။
ရင်ဝယ်ပြည့်နှက်
မျှော်လင့်ချက်တို့
နှင်းစက်နလွင်



နေတွင်လွင့်ဝေး
သောကချွေးများ ဖြစ်သွား၏။
လောကဝဋ်နှောင်
အမှောင်ထုကြား
မျက်ရည်များ
သောကများ
လှိုက်စားစိမ့်ဝင်
အစဉ်တစ်စိုက်
ရိုက်ခတ်စွဲငြိ
ဒဏ်အထိဝယ်
မိမိနှလုံး
ကျစ်မာရုန်းကာ
ကျောက်တုံးကျောက်သား ဖြစ်သွား၏။

အမှန်ကတော့ ကဗျာဆရာ၏ နှလုံးသားသည် ကျောက်တုံးကျောက်သား ဖြစ်မသွားသည်ကို ကျွန်တော် အသိ။

ပြင်သစ် ကဗျာဆရာ အန်ဒရေဘရိုတန်က "ကဗျာသည် ကြေကွဲမှု၏ ညီအစ်မဖြစ်သည်။ ခံစားရသူတိုင်း၊ ငိုကြွေးရသူတိုင်းသည် ကဗျာဆရာဖြစ်သည်။ မျက်ရည်စက်တိုင်းသည် ကဗျာစာကြောင်းများဖြစ်၍ နှလုံးသားတိုင်းသည် ကဗျာတစ်ပုဒ်ဖြစ်သည်" ဟု ပြောခဲ့ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အန်ဒရေဘာရီတန်သည် ဘယ်အချိန်တွင် ဘာ့ကြောင့် ပြောခဲ့သည်ကို ကျွန်တော်မသိပါ။ ကျွန်တော့်စိတ်ထဲတွင်မူ "အသွင်ပြောင်းသွားသော" ကဗျာဆရာ ညွန့်ဝေ (ကသာ) ၏အဖြစ်သည် သူ့စကားနှင့် သွား၍ တိုက်ဆိုင်နေသည်ဟု ကျွန်တော် ထင်နေပါသည်။

"ကဗျာဆရာဖြစ်ဖို့ ဘာလိုသလဲ" တွင် တာပေ ဟော ပြောပွဲတစ်ခုမှာ ပရိသတ်ထဲက တစ်ယောက်က ကဗျာ ဆရာ အရည်အချင်းကို မေးသဖြင့် ကဗျာဆရာက ဖြေခဲ့ ပုံကို ဖွဲ့ထားသည်။

ပါရမီနဲ့ ဖွဲ့လို့လ
စနစ်ကျတဲ့ ကဗျာပုံစံ
ထက်သန်တဲ့စေတနာ
ပြီးတော့
အသေအချာလေ့လာမှု
အစပြု အစပြု စကားကြောခင်း
ဟောရင်းနဲ့အဆိုကြွယ်
ကိုယ်တကယ်ယုံကြည်သွား။ ။
ပရိသတ်ခမျာ
စိတ်မှတ်ကာ ပညာယူကြ
ရင်မှာအပ္ပ သူတို့မသိလေဘု
မျက်စိတွေ ဝေသီဝါးပါလို့



တရားကို နိဂုံးချုပ်တဲ့အခါ
အဟုတ်တကယ်
ထည့်မဟောတာက
ပြောစရာရင့်အပြည့်ဖိတ်
ကြိတ်မနိုင်ခဲမရမှ
အသည်းက ကဗျာဖွား။ ။

သူ့ကဗျာကို ဖတ်လိုက်ရသည့်အခါတွင် ကျွန်တော် သည် ဂရိတို့၏ ကဗျာသဘောကို သွား၍ သတိရပါသည်။ ဂရိတို့၏ ကဗျာအယူအဆ၌ ဆေးပညာကို တတ်လျှင် ဆေးဆရာဖြစ်သကဲ့သို့ လည်းကောင်း၊ လက်သမားပညာ ကို တတ်လျှင် လက်သမား ဖြစ်နိုင်သကဲ့သို့ လည်းကောင်း၊ ကဗျာဆိုင်ရာ နည်းနာတို့ကိုတတ်လျှင် ကဗျာစာဆို ဖြစ် နိုင်သည်ဟု ဆောခရတ္တိတို့ခေတ်အထိ အစဉ်အလာ ယူဆ ခဲ့ကြပါသည်။ ဆောခရတ္တိတို့ ပလေတိုတို့ ခေတ်ကျမှသာ လျှင် ကဗျာအတတ်ကို တတ်ရုံမျှဖြင့် ကဗျာစာဆိုမဖြစ်။ တက်ကြွခြင်းရှိသော စိတ်အခြေရှိမှသာ (ဝါ) အငွဘုံ၏ အပူးအဝင်ကို ခံရမှသာ စာဆိုဖြစ်သည်ဆိုသည့် အယူအဆ ကို လက်ခံလာကြပါသည်။ ကျွန်တော်သည် သူ့ကဗျာကို ဖတ်ရင်း ဤအဆိုအမိန့်ကို သတိရနေပါသည်။

"ယုံကြည်သည်များ' ကဗျာ၌ စိတ်ကူး၊ အိပ်မက်၊ မျှော်လင့်ချက်၊ ယုံကြည်ချက်နှင့် မေတ္တာတို့၏ အင်အားကို

www.burmeseclassic.com

www.burmeseclassic.com



ပြောရာတွင်လည်း သူ၏ အဆွေးရိပ်သည် လျှံကျနေပါသည်။

ချစ်သောသူကို
သိမ်းယူဆောင်ကြဉ်း
ရှင်သေမင်းထက်
ချစ်ခြင်းမေတ္တာ
အင်အားသာသည် ငါယုံကြည်၏။

"အင်မှ အနှစ် နှစ်ဆယ်အလွမ်း" မှာ သူ၏ ကိုယ်ရေးကိုယ်တာ ခံစားချက်ဖြစ်ပြီး "တို့ကြုံခဲ့တဲ့ ဆိုင်နှစ်ဆိုင်"၊ "ယူနီဖာဆယ် အလည်ရောက်ခြင်း"၊ "ရစ်ဇင်းဝင်းတဲ" နှင့် "အိုဂုန်း ကုန်နွန်း ဘုရားတိုင်" တို့မှာ ခေတ်ပြိုင် ခံစားချက်ဟု ဆိုနိုင်သည်။ အကြောင်းအရာမှာသာမဟုတ်၊ အဖွဲ့အနွဲ့တွင်လည်း သံချိုနှင့် လေးလုံးစပ်တို့၏ အရိပ်မှ လွတ်လာသောအဖွဲ့များ ဖြစ်ပါသည်။

* * *

ကျွန်တော်သည် ညွန့်ဝေ (ကသာ)၏ "မြစ်တစ်စင်း" ကို ဖတ်ရင်း အချိန်မြစ်တစ်လျှောက် စီးဆင်းလာသော သူ့ကဗျာမြစ်ကို ခံစားထိတွေ့နေရသည်။

ပထမတော့ မလိခမြစ်ကျဉ်းမှ စီးဆင်းလာမည်။ နောက်တော့ ကျောက်ဆောင်တွေ၊ ကျောက်တုံးတွေကို၊ မြစ်ကျဉ်းတွေကို ဖြတ်မည်။ နောက်တော့ လွင်ပြင်သို့



ရောက်လာကာ ငြိမ့်ညောင်းစွာ စီးဆင်းလာမည်။ ပင်လယ်နားသို့ ရောက်လာလေလေ နုံးမြေနှစ်တွေ များလာကာ ပြည့်ဝလာလေလေ။

သူ့ဘဝမြစ်တွင်လည်း ကျောင်းသားလူငယ်၊ ဆေးကျောင်းသား၊ ဆရာဝန်ပေါက်စ၊ လက်ထောက်ဆရာဝန်၊ ခွဲစိတ်ဆရာဝန်ကြီး၊ နောက် ပါမောက္ခအို။

သူ့ ကဗျာမြစ်တွင်လည်း ပထမတော့ အားမာန်၊ နောက်တော့ ပီတိ၊ နောက်ဆုံးတော့ ဘဝကို တည်ငြိမ်ငြိမ်းချမ်းစွာ ကြည့်မြင်လာသည့် ကဗျာများ. . . ။

သူ့ကဗျာများကို ဖတ်ရင်း ချီလီကဗျာဆရာ နီရူဒါ၏ ကဗျာတစ်ပုဒ်ကို သွား၍ ကျွန်တော် အမှတ်ရနေသည်။

ငါ ကဗျာငါးပုဒ်ရေးခဲ့
တစ်ပုဒ်က အစိမ်းရောင်
တစ်ပုဒ်က ပေါင်မုန့်လုံးသဏ္ဍာန်
တတိယတစ်ပုဒ်က တိုးတက်လာတဲ့ အိမ်တစ်ဆောင်
လို
စတုတ္ထတစ်ပုဒ်ကတော့ လက်စွပ်တစ်ကွင်း
ပဉ္စမတစ်ပုဒ်က
လျှပ်ပြက်ရောင်လို သေးငယ်။

သူ့ကဗျာများသည်လည်း နီရူဒါ၏ ကဗျာငါးပုဒ်လို အမျိုးစုံပါသည်။ အထီးကျန်ကဗျာ၊ ခေတ်ပြိုင် ခံစား

www.burmeseclassic.com

www.burmeseclassic.com



ကဗျာ၊ ဆေးရုံကဗျာ၊ စစ်နှင့် ငြိမ်းချမ်းရေးကဗျာ၊ အစိမ်းရောင်ကဗျာ. . .။

လွှမ်းရိပ်ဝေသော အထီးကျန်ဆည်းဆာတွင် ခွဲစိတ်ခံစားကို မကိုင်ဘဲ ကလောင်ကိုကိုင်နေမည့် ပါမောက္ခအိုကို ကျွန်တော် မြင်ယောင်နေပါသည်။

မြသန်းတင့်



# မြစ်ကြေ

www.burmeseclassic.com

www.burmeseclassic.com







# အင်းဆက်လူသား

လူ့လောကနဲ့နီးနွယ်
လူတို့အလယ်မှာကျက်စား
လူ့တရားလူ့သဘော
နောကြေအောင်နှလုံးသွင်းပြီး
မြူတေးရှင်း* ဖက်
အင်းဆက်ပိုးက
လူထ မဖြစ်။

သို့သော်ငြား
လူသားစင်စစ်က တစ်ဇာတ်ခင်း
အင်းဆက်ဖြစ်သွားတာ တစ်ပုံတစ်ပင်
မယုံချင်လည်းမရ
သွေးဝတဲ့မှက်ခြင်
အသားမျှင်ထဲကလောက်ကောင်
တွေ့မရှောင်ဝါးတဲ့ခြမ်း
လက်ညှိုးထိုးမလွဲ
လူထဲမှာတွေ့နေကျ
ဒီလောကရဲ့ ကျန်းမာခြင်း
စဉ်းစားစိတ်ညစ်။

၁၉၉၇၊ ဒီဇင်ဘာ

* Mutation -မျိုးဗီဇ ပြောင်းလဲခြင်း

www.burmeseclassic.com

www.burmeseclassic.com



# နှစ်မျှော်ခြင်း

အသိမှ မရှိတာ အမြင်
သစ်ပင် သူပျော်နေမှာ မဆန်း။

အထိမှ မသိတဲ့ အဆုံး
ကျောက်တုံး သူပျော်နေမှာ မဆန်း။

သစ်ပင်ရဲ့အောက်
ကျောက်တုံးရဲ့ဘေး
အတွေးအမြင် မလန်းဆန်း
အဆွေးအမျှင် တတန်းတန်းနဲ့
လမ်းအစပျောက်
စခန်းက မရောက်
တစ်ယောက်လူသား
အလွဲအမှား တစ်သက်ပန်
မကွဲမပြား မနက်ဖြန်
ပစ္စုပ္ပန်မတော့ တစ်လှည့်တစ်ကွက်



သက်တံအဆုံးက ရွှေအိုး
တွေ့နိုးတမ်းတ
ဘဝနှစ်တွယ်
ဘယ်က လာလို့
ဘယ်သို့သွားရမလဲ
မသဲကွဲရင်း။

ချယ်ရီ၊ ဒီဇင်ဘာ၊ ၁၉၉၇။

www.burmeseclassic.com

www.burmeseclassic.com



## ရှင်ပြန်ထမြောက်ခြင်း

တရားလွန်ဒေါသနဲ့
ပယောဂ ဒုံးစိုင်းတဲ့
မုန်တိုင်းရဲ့အာငွေ့ပြင်း
ခွင်းသမျှ သစ်ပင်ကြီးတွေပြတ်ကျိုး
အိုးအိမ်တွေ လဲပြို
တိုင်ငုတ်တို့နဲ့ အုတ်ကျိုး
အိပ်မက်ဆိုးရဲ့ အနိဋ္ဌာ။

မုန်တိုင်းအချိုး
ဖရိုဖရဲ
အပြိုအလဲတွေကြားမှာ
အုံ့စရာတစ်ကွက်
မြေစာမြက်ရဲ့ သတ္တိ
ပိနေတဲ့ကြားက
အားသစ်တွေ စုစည်းတည်ဆောက်
အညှောက်စိမ်းပြောင်
ခေါင်းထောင်လို့နေပါလား။

မဟေသီ၊ နိုဝင်ဘာ၊ ၉၇။



## စိမ်းဆတ်ဆတ်ရင်ခွင်တစ်ခုအကြောင်း

ငြိမ့်ငြိမ့်စီးဆင်း
စမ်းတစ်စင်း
မင်းရဲ့ ညှင်းသွဲ့ရယ်သံများ။

ထိန်ထိန်သာဝင်း
လ တစ်စင်း
မင်းရဲ့ ဆင်းနွဲ့ ချိုမျက်ထား။

အပြုံင်တောက်လင်း
နေနှစ်စင်း
မင်းရဲ့ ဝင်းလဲ့မျက်လုံးများ။

www.burmeseclassic.com

www.burmeseclassic.com


စမ်းတစ်စင်း
လတစ်စင်း
နေနှစ်စင်း
ပြင်းရှ နိမိတ်ပုံ
စုပြုံအရိုက်ခတ်
တိမ်းညွှတ်တတ်တဲ့
စိမ်းဆတ်ရင်ခွင်တွင်း
တစ်စင်းရထား
ခုတ်မောင်းသွားကာ
လှုပ်ရှားတုန်ခါ အို. . . မဆုံး။

ချယ်ရီ၊ မတ်၊ ၁၉၉၇။

# ကိုယ့်လမ်း ကိုယ်သွားကြသည်

အချို့ ဆိုလတ်
ပြတ်ပြတ်တင်းတင်း
မျဉ်းဖြောင့်တန်းတန်း
မတ်မတ်လှမ်းကြ၊ ပန်းတိုင်အမှား။

အချို့ဆိုက
လမ်းစမှန်ပျောက်
ကွေ့ကောက် လှည့်ပတ်၊ ဆိုက်ကပ်ဒုံရင်း။

အချို့ဆိုလျှင်
အမြင်စောင်းကန်း
လမ်းဝက်ပါ
သဝေချာဝိုက်ပန်း၊ စခန်းမပေါက်။

ကျွန်ုပ်သည်မူ
ရှေးလူတို့ကျင့်သုံး
ထုံးနည်း နာခံ

www.burmeseclassic.com

www.burmeseclassic.com



ကာလံ ဒေသံ
ဝေဖန်ထိုးထွင်း
မျဉ်းဖြောင့် မျဉ်းကောက်
မျဉ်းမောက် မျဉ်းငိုက်
အလိုက်သင့်စမ်း
အတတ်ဆန်းရင်း
သံလမ်းချော်သွား ရထားတစ်စီး။

ငွေတာရီ ဇန်နဝါရီ ၁၉၉၇



## မလှတဲ့ည

ညရဲ့ကောင်းကင်
တိမ်စင်မြူကင်း
လမင်းထွန်းပ
ကြယ်ပန်းခင်း ရွှန်းမြ
(ဒါပေမဲ့) မလှတဲ့ည။

တစ်နေ့တာလုံး
မဆုံးစကား
နှစ်ယောက်သား အချီအချ
ပြောခဲ့ကြပြီ
ဘဝနှစ်ခု
နားလည်မှု ဘယ်မှာ။

တစ်စစချင်း
အလင်းနယ်ပျောက်
ဒီညအောက်မှာ
တစ်ငေ ဂက်သော သူနဲ့
သူရဲ့ ရင်ခုန်သံ
ဒါပဲ ကျန်ရစ်
သစ်တစ်ပင်အောက်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်မှူး နှလုံးသား
ခံစားမှုပြင်းထန်
ရင်ခုန်သံကို
ကိုင်းယံမှေးငိုက်
ငှက်တစ်သိုက်က
ကြားလိုက်သောခဏ
လန့်နိုးထလျက်
ယောက်ယက်အဆန်
ကိုင်းတံရိုးညာ
လေငြိမ်မှာ
လှုပ်ခါဆတ်တုန်
ရင်အခုန်နှင့် တစ်ထပ်တည်း။

ငွေတာရီ အောက်တိုဘာ၊ ၁၉၉၆။



# နေမကွယ်နယ်ပယ်

"ကျန်းမာပါစေ"
"ချမ်းသာပါစေ"
ဆုဝေ သင့်အသံ၊ တစ်ရံ မပြတ်။

"ရွှင်လန်းပါစေ"
"ဘဝင်ချမ်းပါစေ"
ဆုဝေ သင့်အသံ၊ တစ်ရံ မပြတ်။

သင့်ရင် ကွယ်ပုန်း
သင့်နှလုံးကား
ကျောက်တုံးအေးစက်
ခံစားချက်ကင်း
ခုန်ခြင်းမရှိ
တို့ အသိသား
စကားနယ်ပယ်
အလျားကျယ်စွ
နေကွယ်သည်ဟု ဘယ်မရှိ။

မဟေသီ၊ အောက်တိုဘာ၊ ၁၉၉၆

www.burmeseclassic.com

www.burmeseclassic.com



## မပြန်ချင်သော်

ငါ့ရုပ်ခန္ဓာ. . . ခေတ္တခွာ၍
ငါမပတ်သက်. . . ငါမဖက်ဘဲ
ဖြန့်ကျက်ဝိညာဉ်. . . သမ္မဒဉ်ဖြင့်
ကြည့်ချင်လှပါ ငါ့ကိုငါ။

သူတစ်ထူးကို
နိုင်လိုမင်းထက်. . . နှိပ်စက်ညှဉ်းပန်း
စရိုက်ကြမ်းသည့်
သူသွမ်းကိုပင် မြင်မည်လော။

စိတ်နေပုပ်သိုး. . . အရုပ်ဆိုးလျက်
တန်ခိုးအာဏာ. . . ဩဇာလွှဲသုံး
မောဟဖုံးသည့်
မိုက်လုံးကြီးသူ မြင်မည်လော။

အသောက်အစား. . . အပျော်ပါးကို
လိုက်စားခုံမက်. . . အာသာတက်သည့်
ရမ္မက်ပြင်းသူ မြင်မည်လော။



သူ၏ကုသိုလ်. . . မနာလို၍
ဝန်တိုခံပြင်း. . . ကောက်ဉာဏ်ခင်းသည့်
စဉ်းလဲသူကို မြင်မည်လော။

ဩော်. . . ငါ့ရုပ် ငါ့ကိုယ်
ဘယ်လိုကြည့်ကြည့်. . . တွယ်ငြိသဒ္ဒါပို
ကြည်ညိုစရာ. . . မမြင်ပါ၍
လိပ်ပြာမသန့်စင်. . . မပြန်ချင်သော်
သို့လျှင်ရှိချိမ့်မည်မသိ။

လုံမလေး၊ စက်တင်ဘာ၊ ၁၉၉၆။

www.burmeseclassic.com

www.burmeseclassic.com



# နောက်ကျပန်း

လွှမ်းသူတို့ပန်း
ကိုယ်လုံးလွှမ်းမျှ
အလှဖြာဝေ
သင်းမြနေလည်း
သူလေ ဘာမှ မခံစားနိုင်။

သည်းရင်ကြေကွဲ
ငိုကြွေးပွဲလျှင်
မစဲညံဝေ
ပွက်လျှံနေလည်း
သူလေ ဘာမှ မကြားနိုင်။

လူတွေစည်ကား
ကားတန်းမဆုံး
အုံးအုံးရှရှ
တိုးမရလည်း
သူက ဘာမှ မသိနိုင်။



တည်ဖြစ် တစ်ခဏ
ဘဝရေကြည်
တည်ငြိမ်ရေခက်
ဝဲဝယက်ဝယ်
တွဲလက်မလာ
ဥပေက္ခာသာ
ခမျာဖော်မြူ
ကြိတ်အံတုခဲ့
ခုနောက်မှကြို
တစ်ပုံတစ်ပင်
အစုံအလင်
အကြင်နာများ
လျှံကာသွားလည်း
အများကြီး နောက်ကျခဲ့ပါပြီ။

ချယ်ရီ၊ ဩဂုတ်လ၊ ၁၉၉၆။

www.burmeseclassic.com

www.burmeseclassic.com



# မသိစိတ်တို့ လှုပ်ရှားခြင်း

အသုဘ အိမ်ရောက်
တစ်ယောက်သော သားအဖြစ်
သူချစ်သည်မှာပန်း
ပန်းတွေလွှမ်း၍
ငြိမ်းချမ်းသွားသူ မမြင်
ပန်းတွေသာမြင်။

သားတစ်ယောက်က တစ်မူဟန်
သူသန်သည်မှာ အပြော
သေသောသူ ဘေးထား
အားပါးတရ
စကားစတွေရှင်
ဘာမှမမြင်။

ကျန်တစ်ယောက်လည်းအခက်
သူမက်သည်မှာ အမွေ
ငွေ့သည်တွေ တင်းကြမ်း
ကြိုးကမ်းဖို့ မမြင်
စိန်တွေ ရွှေတွေမြင်။

ချယ်ရီမဂ္ဂဇင်း ၁၉၉၆



# ကြယ်ရယ် လရယ် ကမ္ဘာရယ်

ကောင်းကင်ပြင်မှာ
ငွေစင်လမင်း
ငိုက်မျဉ်းရင်းနဲ့
သမ်းခြင်းကြီးစွာ သမ်းနေတယ်။

ခဏနေခါ
ဘေးမှာတွဲချိတ်
တိမ်ညိုရိပ်နောက်
ပုန်းအိပ် ကွယ်နေ ပြန်တော့တယ်။

မျက်လုံးထောင်ရာ
ကြယ်တာရာတို့
ဖြာလင်းတစ်ဝက်
မှိတ်တုတ်လက်ရင်း
မျက်ကွယ် ပြုနေကြပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်အောက်မှာ
ကမ္ဘာ မှိန်မှိန်
အလင်းတိမ်နေ
သည်ချိန်သည်ခါ
တစ်နေရာရာမှာ မုချ
မဟုတ်မှလွဲပြန်
အကျည်းတန် ပုံရိပ် အသွယ်သွယ်
ကြယ်တွေ လတွေ တွေ့နေပြီ။

*မြဝတီ၊ ဒီဇင်ဘာလ၊ ၁၉၉၅။*



# ပိုး

အတိုင်းအဆ၊ ပမာဏမရှိ
ပကတိမျက်လုံး၊ သုံး၍မထူး
မှန်ဘီလူးမှ၊ သွင်ပြီသစွာ
မြင်ကြရရိုး၊ ရောဂါပိုး။

ရောဂါပိုးမွှား
သေးငြားသေးမွှာ၊ အားကြီးပါစွ
ခန္ဓာသို့လမ်းပေါက်၊ ဝင်ရောက်သူမွှေ
တက်ရေမှာ ငါးမြူး၊ ကူးခတ်ခုန်ပေါက်
ဆဲ(လ်)တွေဖောက်၍
အသွေးသောက် အသားမြို
ဝမ်းမီးကို ဆူစေ၊ လောင်ညီးစေ၏။

www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်ကြစမ်း၊ ဆန်းသတဲ့လား
တို့များခန္ဓာ၊ ကိုယ်မှာ အင်္ဂ
ဝိဇ္ဇဖောက်ပြန်၊ ဒလန်တွေများ
သွေးသားအဆိုး၊ ပိုးနှင့်မိတ်ဖွဲ့
အသားဖဲ့ကျွေး၊ အသွေးကိုတိုက်
အကူလိုက်၍
အကြည်ဆိုက်ပိုးမွှား၊ ပွားများတာမဟုတ်
ရုပ်ခန္ဓာအဝှန်း၊ ဖုံးလွှမ်းဖိစီး
ဒီတက်ကြီးသော်
ပျက်စီးတတ်စွာ ထိုခန္ဓာ။

*တံ့ကော်မြိုင်၊ ဒီဇင်ဘာ၊ ၁၉၉၅။*



# ရွှေဖြစ်သွားတဲ့လူသား
(ခေတ်ပြိုင်ဒဿနရှိ)

မယုံချင်ဘူး
ထူးစွာဖြစ်ပျက်
ဈေးကွက်စီးပွား
ကြီးထွားဒီလှိုင်းခိုအစီး
အားကြီးတဲ့တုန်ခါခြင်းအလျှင်
ပြုပြင်မှုတရားကြောင့်
လူသားစင်စစ်က
ရွှေဖြစ်သွားသတဲ့။

သူ့ရွှေခန္ဓာနဲ့လိုက်ဖက်
ရိုးလက်(စ်)ရွှေနာရီ
ရတီစိန်လက်စွပ်အပြင်
အဝတ်ရွှေနဲ့ယက်
သူ နှစ်သက်တဲ့ မာစီဒီးကား
ရွှေသားနဲ့သွန်းလေသတဲ့။

သူ့ရွှေပါးစပ်ဖျား
ရွှေစကားတွေချိုညက်

www.burmeseclassic.com

www.burmeseclassic.com



သူ့ရွှေလက်ညွှန်သမျှ
ဟ,မထားလည်း
တံခါးတွေအလိုအလျောက်ပွင့်
အဆင်သင့်. . . အဆင်သင့်ပဲတဲ့။
သူ့ရဲ့နှလုံး
ရွှေတုံးနဲ့တည်ဆောက်
ဟွန်ဒီနဲ့အစ်ဖိုယူ
(ပြီးတော့) ငွေစက္ကူတွေ
နောက်မွေ့ပေါ်လော
စီးမျောမှုင်းမှုင်း
သွေးကြောကျဉ်းမှာ
လည်ပတ်ခြင်း ကြွပ်ထွေးနေသတဲ့။

သူ့ဦးနှောက်ကား
ရွှေသားအတိ
သတိလစ်ဟ
ဘဝမေ့မေ့
ရွှေ ငွေ့ ရိပ်မိုး
တွေ ဝေ ဆိုးစွ
'လူ့တန်ဖိုး' 'လူ့သိက္ခာ'
'မေတ္တာ' 'ကရုဏာ' 'မုဒိတာ'
ဘာတွေများတဲ့လဲ



မနည်းစဉ်းစား
ဝေဝါးဝါးဆိုပဲ။

ဆက်နားထောင်
အမှောင်လုလု
တစ်ခုသောဆည်းဆာယ
ခေါ်သံကို သူ ကြား
ချောက်ချားသွားတဲ့စိတ္တဇ
ပထမအကြိမ်
တရှိန်ရှိန်တက်
ရွှေလက်နဲ့ သူ တား
ရွှေနားကို သူ ပိတ်
ရွှေဂိတ်တွေ သော့ခတ်ငြား
ရပ်မသွားတဲ့ခေါ်သံ
ညံမြည်
ထန်သထက်တန်လာပါသတဲ့။

အဲဒါပါပဲ
မယုံလည်းနေနိုင်
ခေတ်ပြိုင်ဒဏ္ဍာရီတစ်ပုဒ်။

မဟေသီ၊ နိုဝင်ဘာ၊ ၁၉၉၅။

www.burmeseclassic.com

www.burmeseclassic.com







## ညအငှား

ကံဇာတာလှ
ကြီးရာသမျှ
ဟန်ကျကာနေ
မိတ်ဆွေတစ်စု
မြတ်ကောင်းမှုကြောင့်
ကြုံတောင့်ကြုံဖူး
အရောက်ထူးရ
ပတ်ဗျူးဟော်တယ်၊ ပန်းခြံစွယ်မှာ။

ပတ်ဗျူးဟော်တယ်
ပန်းခြံစွယ်မှာ
ကြီးကျယ်ခမ်းနား
တိုင်းခြားဟန်သွင်
တိုင်းခြားသံစဉ်
တိုင်းခြားဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်သမျှ
မ တို့ဆံတောက်
တို့ ငေါက်ငေါက်နဲ့
ဘလောက်(စ်) စကတ်
အပြတ် ဝတ်ဆင်
မသွင်မတူ
တစ်ပြည်သူတွေလား
ထွေပြားသောစိတ် တရိပ်ရိပ်။

ဖိလစ်ပိုင်တိုင်း
ခေတ်တီးဝိုင်းမှ
အရိုင်းတေးသံ
ဟိန်းညံ နှိုးဆွ
ပိုးထ ကခုန်
ရင်စုံ ခါလှုပ်
ကကြိုး ရှုပ်ကြ
ကျွန်ုပ်မှာ ချက်ချင်း
လက်ငင်း မျက်မှောက်
ဇန်ကောက်မြို့စွန်း
ပက်ပွန်း ရောက်နေလား ထင်မိမှားရ။



ဖေါ်သဟာတို့
ဒေါ်လာ ပေးရင်း
မြူစုခြင်းကြောင့်
လက်ငင်း သားနား
အငှား ဘဝ
တစ်ခဏ မြူး
ဘီယာ မူးရီ
ပြန်ဦးမဖြစ်
ညမှောင်နစ်သည့်
မြို့သစ်အစွန်
အမှန်တဲနန်း
တို့ အိပ်ခန်းရဲ့
ကြမ်းကြား နိုအောင်း
ကြမ်းပိုးအပေါင်းတော့
သွေးတောင်းနေကြလေတော့မယ်။

သရဖူ၊ ၁၉၉၇။

www.burmeseclassic.com

www.burmeseclassic.com



# တောင်သမန်ရဲ့ အလှဆုံးအချိန်

ခက်ကိုင်း ညပ်သိပ်
အရိပ်ကြွယ်ကြွယ်
မယ်ဇယ်ပင်တန်း
မြစိမ်းလွှမ်းလည်း။

မြင်မဆုံးတိုင်
ခန့်ခိုင်ဖြောင့်ဖြူး
ဦးပိန်တံတား
ရှည်ဘိခြားလည်း။

အင်းမြင်ကောကော
ဖုံ သောသောတွင်
အမောပြေဆေး
လေညှင်းသွေးလည်း။

ဆိုကြရအောင်
တောင်သမန် အလှ
တောင်သမန် ဘဝ
သည်မျှနှင့်ပင်
ပီပြင်ပြီလား။



ဝေးခြားနှစ်မှာ
အခွင့်သာမှ
ဧရာဝတီ
နဒီကြွပြီး
ရေဦးတိုး၍
စိုးရိမ်ရေဘောင်
ကျော်ဖြတ်အောင်မှ
တောင်သမန်အင်း
ရေခင်းပြန့်ကျယ်
ဘယ်ဝယ်မျှော်ရှု
ရေပဒုထုနှင့်
ရတုမျှညီ
အလှတည်၏
လေပြည်အညှင်း
တစ်အင်းလုံး ကြက်ခွပ်
ရွှေငွေညွှတ်သော်
ဆွတ်ပျံ့မဆုံးနိုင်တကား။

*ဒီလှိုင်၊ အောက်တိုဘာ၊ ၁၉၉၅။*

www.burmeseclassic.com

www.burmeseclassic.com



# လူသုံးယောက် ထီးတစ်လက်

နည်းမှန်မကျ
အကျည်းတန်စွ
သုံးယောက်မှ ထီးတစ်လက်ရယ်လို့
မျက်လုံးတွေ ဝိုင်းအထင်သေး
ငေးကြည့်ကောင်း ကြည့်ကြမယ်။

မိုးကသည်း လေလည်းပါ
မဖွယ်မရာ တို့သုံးယောက်ကို
တငေါက်ငေါက်လက်ညှိုးထိုး
မိုးပေါက်တို့ကျီစယ်။

တစ်စိတ်တူတစ်ခရီး
တစ်လက်သောထီးနဲ့ထွက်အလာ
ထက်ဝန္ဒာ ပိန်းပိတ်မည်း
မိုးသည်းကြီးပြုံရာဝယ်
ခိုစရာရယ်က သည်တစ်လက်ပဲ။



စံလည်းအတူ
ခံလည်းအတူ
ဘယ်ဘယ်မှု လှန်ကာမတွက်
ဘယ်ဘယ်သူ မချန်ရက်ပါဘူ
သူ့မျက်နှာ ကိုယ်ကထောက်
ကိုယ့်မျက်နှာ သူကထောက်
တစ်ယောက်ပခုံး တစ်ယောက်ဖက်
တစ်ယောက်လက် တစ်ယောက်ဆုပ်
တွဲမဖြုတ်နိုင်မြဲ
မိုးရေမှာရဲခဲ့ကြ
ရွှဲပါစေ မိုးရေအေးပေမယ့်
နွေးစွရင်ထဲ။

*လုံမလေး၊ စက်တင်ဘာ၊ ၁၉၉၅။*

www.burmeseclassic.com

www.burmeseclassic.com



# လောကကြီးမှာ

အရွယ်တူ အိုးနှစ်လုံး
တစ်လုံးသော် တည်တည်ငြိမ်ငြိမ်
ကြွခြေရရ အေးငြိမ်းစွ
ဘာမှ အသံမထွက်။

ကျန်တစ်လုံးသော် တိမ်းတိမ်းလှုပ်လှုပ်
ရုတ်ရုတ်သဲသဲ
အထဲက ဘောင်ဘင်သံ
ပွက်ပွက်ကယ်ညံ။

အိုးနှစ်လုံးရဲ့အဖြစ်
အဖုံးလှစ် ကြည့်တော့မြင်
ဘောင်ဘင်ခတ်အိုး ရေဖင်ကပ်။
ဘောင်ဘင်မခတ်အိုး ရေပြည့်ကျပ်။

*တိုင်းဧယျာမဂ္ဂဇင်း၊ ၁၉၉၅။*



# စေ

မျိုးစေ့တွေ အညှောက်ပေါက်စေ. . .
အညှောက်တွေ အညွန့်ဝေစေ. . .
အညွန့်များ အရွက်ဖားစေ. . .

စေတစ်လုံးနှင့်
မဆုံးဆက်လက်၊ အရွက်တွေ ထာဝစဉ်
သန်ရှင်စိမ်းစို၊ စေပါလိုလည်း
ပျိုသော် ဝေစတမ်း
အိုသော် ကြွေစတမ်းမို့
(တို့များ) 'စေ' မစွမ်းပြီ။

စေမစွမ်းလည်း
ကြွေနွမ်းရွက်များ၊ အပျက်တရားကို
ခံစားစာနာ၊ ဝမ်းနည်းစွာဖြင့်
ဆက်ကာမနေး၊ စေလိုသေး၏
ဖွေးဖွေးလှုပ်မျှ၊ မြေခရွက်ဝါ
သူတို့နေရာတွင်
ကိုင်းညှာမလပ်၊ ပင်လုံးညွတ်မျှ
လန်းဆတ်ပျိုမျစ်၊ မြပုရစ်တို့
ဖူးသစ်ကြစေ ဝေကြစေ။

*ဒီလှိုင်း၊ ၁၉၉၅။*

www.burmeseclassic.com

www.burmeseclassic.com



# တို့ ကြုံခဲ့တဲ့ ဆိုင်နှစ်ဆိုင်

ဆိုင်ကြီး ကနားကြီး
ထိန်ညီးမွှေးလန်း
လေအေးခန်းသို့
လှမ်းလို့အဝင်။

လေအအေးနဲ့
ဖက်ထွေးဆီးကြိုတဲ့
ဆိုင်တစ်ခို မျက်စိဝင့်တော့
အဆင်သင့်. . .
အဆင်သင့်. . .
ဝယ်ချင့်စရာ
စုံလင်စွာခင်းကျင်းထား
ခမ်းနားထည်ဝါလှပါဘိ။

ယူမလားရှင်. . .
ယူပါလားရှင်. . .
ပြုံးရွှင်ကြည်သာ
ချိုမျက်နှာနှင့်
ပျူငှာခွန်းလှယ်



ဝယ်အောင်ဆွယ်ကြ
မဝယ်လည်းပြုံး
ဝယ်လည်းပြုံး
နှလုံးချမ်းမြရပါ၏။

သူတို့အပြုံးကြောင့်
ဟိုတုန်းကပြည်သူ့ဆိုင်
ထိုင်တဲ့ စာရေးမ
သတိရမိ
လာသမျှဖောက်သည်အား
မျက်နှာထားတင်းခက်
အဖက်မတန်
ဆက်ဆံတာ ဘာဟုတ်သေး
ဘာ့မေးလည်း မရှိ
ညာမေးလည်း မရှိ
အသိကျတော့
အသော့လျင်စွာ
ကောင်တာအောက်ဝှက်သို
လျှိုထားတဲ့ပစ္စည်း
အုပ်ပြီး တိတ်တိတ်ရောင်း
အတိတ်ကအကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်စွာကုန်သွယ်မှုကြောင့်
ယခုအခါ
ဒါတွေ လွန်ခဲ့ပြီ
မီနီမတ်ကက်
စူပါမတ်ကက်
သူထက်ငါ အပြိုင်အဆိုင်
ကုန်လှိုင်လှိုင်ဆောင်း
အမရောင်းပြိုင်ကြ
မပူရ
ဈေးကတော့မမေးနဲ့
ဟိုရှေးခါဈေးကိုတည်
စိုးရိမ်သူညများ
တစ်လုံးလား နှစ်လုံးလား
နောက်ပါးမှာ ကေန်
ပုံမှန်ဖောင်းပွ
လခနဲ့ မအပ်စပ်လို့
အိတ်ကပ်ဖိစမ်း
ဆုတ်ခွာခန်းတွေ
အပ်လမ်းထပ်အောင် များခဲ့ပြီ။

မဟေသီ၊ ဖေဖော်ဝါရီ၊ ၁၉၉၅။



# ယူနီဗာဆယ် စတူဒီယိုသို့ အလည်ရောက်ခြင်း

ကေ. . . ရာချီ
အဝန်းညီသည့်
ယူနီဗာဆယ်
ရုပ်ရှင်နယ်၏
အံ့ဖွယ်ရိုက်ကွင်း
စတူဒီယိုဝင်းသို့. . .။

အယ်အေ တစ်ခေါက်
ရောက်ခိုက်မှာနော်
ကြည့်သင့် ခေါ်လျှက်
ဆွဲဖော်လိုက်ပြ
ကွင်းဝင်ခန္ဓန်းထား
သုံးဆယ့်ငါးဒေါ်လာ
မနည်းပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထရော်လီခရီးစဉ်
ခြံတစ်ခွင်ဝယ်
မောင်းနှင်ပြရာ
ကြည့်ရပါ၏။
ကမ္ဘာကျော်ကြား
ရုပ်ရှင်ကားတို့
မွေးဖွားခဲ့သည့်
ဘူမိနက်သန် ယူနီဗာဆယ်ခြံ . . . . .။

လျှော်တုန်ဟီး
မြေကြီးကွဲအာ
ထိတ်စရာမြင်ကွင်း။

မုန်တိုင်းဟုန်းဟုန်း
ရေလုံးကြီးထွား
အံ့တစ်ပါးမြင်ကွင်း။

မျက်မှောက်စစ်ဗျူဟာ
ဗုံးမိုးရွာသည့်
ကြောက်စရာမြင်ကွင်း။



သရုပ်သကန်နှင့်
အဟုတ်မှန်ဟန်
လုပ်ကြံမြင်ကွင်း
အခင်းခင်းကို
ဖန်ဆင်း တင်ဆက်
စက်မှုယန္တရား
စွမ်းပကားကို
အံ့အားသင့်စွာ ကြည့်ရပါ၏။

ပြီးနောက်တစ်သွယ်
တို့ငယ်ငယ်ခါ
စွဲခဲ့ပါသည့်
'ဒေါ်လာလက်တစ်ဆုပ်'
ကောင်းဘွိုင် ဇာတ်ထုပ်မှ
ဇနပုဒ်မြို့ငယ်
တကယ်ဆောက်ထား
တိုက်များစီရရီ
အမြင်ပီ လက်ရာမြောက်
(သို့သော်)
ရှေ့ဝင်ပေါက်တံခါး
ကျော်လွန်သွားက

www.burmeseclassic.com

www.burmeseclassic.com



နောက်ပါး ဟင်းလင်း ဟာလာ
တွေ့ရပါလိမ့်
ရုပ်ရှင်ပညာ စကားရပ်
'ဖဆတ်' ဟုခေါ်တွင်
ရှေ့မျက်နှာစာ အဆင်အပြင်။

ရှေ့မျက်နှာစာဖန်းပြ
နောက်ကြောကဟင်းလင်း
သဘောကရှင်းပါပေါ့
(ပဥ္စလက်) လောကအခင်း။ ။

ရတနာသစ်မဂ္ဂဇင်း ၁၉၉၅။



# ည နှစ်ည

ကြယ်တွေမြူးက
ငွေလပွင့်ဆန်း
ညချမ်းရိပ်သစ်
ချစ်သူ့နှုတ်ခမ်း
ရှိုက်နမ်းတမက်မက်
တုန်ခါချက်တွင်
ပေါ်ထွက်သော နှင်အား
ကမ္ဘာအား အလည်သွက်စေ၏။

အိပ်မက်ပျောက်ဆုံး
လမင်းပုန်းကွယ်
ငွေကြယ်ချောက်ချား
ညအမှားမှာ
ချန်ထားစွန့်ပစ်
ချစ်သူ့အမုန်း
ကမ္ဘာလုံး အလည်ရပ်စေ၏။

ရွှေဥတ်မှုန်၊ ဒီဇင်ဘာ၊ ၁၉၉၄။

www.burmeseclassic.com

www.burmeseclassic.com





## မခက်ပါလား

သူဘယ်သူလဲ
သဲကွဲပြတ်သား
မြင်သလားဆို
မှန်ဝါးခြင်းမရှိ
ပကတိအဖြူဆိုအဖြူ။

သူဘယ်သူလဲ
သဲကွဲပြတ်သား
သိသလားဆို
ထင်ရှားမြင်သိ
ပကတိအမည်းဆိုအမည်း။

မခက်ပါလား
သူတစ်ပါးဆို
ပိုင်းခြားမြင်သိ
တတ်ပါဘိခြင်း
မိမိကိုယ်ကို
ကြည့်ပါဆိုတော့

အလိုလိုက်သိ
ပကတိမှအခြား
ဆေးသားညှာတာ
ဖြည့်စွက်ကာလျှင်
မြင်လာပုံမြောက်
အမည်းပြောက်မနှော
စင်းလုံးချောဖြူ တကယ်ဖြူတဲ့။

စိန်ခြယ်၊ စက်တင်ဘာ၊ ၁၉၉၄။

www.burmeseclassic.com

www.burmeseclassic.com







# အိုဖုန်း ကုန်နှုန်း ဘုရားတိုင်

ဟူး . . . ပူလိုက်လေ
နေအစင်းတစ်ရာ
ကောင်းကင်မှာ ပြိုင်တဲ့နှုန်းနဲ့
အိုဖုန်းလွှာ အပေါက်အပြက
ကဲစေပြီ အပူ။

ဟူး . . . အိုက်လှပြီ
ရာသီအပူလောင်
ဖန်ပေါင်းချောင်လေမလျှောက်
သက်ရှူပေါက်ဆို့ပိတ်
မွန်းသိပ်လှပြီ။

အိုဖုန်းလွှာအပေါက်အဟကဆိုး
ကုန်နှုန်းကမောက်ကမ က တစ်မျိုး
ဆန်ဆီဖိုး အနိုင်နိုင်ဖေး
အကြွေးကထပ်
ကြပ်လိုက်တဲ့ အကြပ်အတည်း
မနည်းကြီးရုန်းကန်
လာပြန်ပေါ့ကျောင်းတွေဖွင့်မယ့်အရေး
ရင်လေးရပြန်။

www.burmeseclassic.com

www.burmeseclassic.com



နဂို အကြုပ် ပိုကြုပ်ခဲ့
ခပ်ယဲ့ယဲ့အခြေမှာ
အိမ်နေရှင်မက
ကောက်ရသလိုရောဂါဝင်
ပြင်ပေတော့ ကုန်ကိန်း။

ဟူး . . . ပူလိုက်တာ
အိုဇုန်းလွှာအပြအပေါက်ကို
တစ်ယောက်သောတန်ခိုးရှင်
တက်တဲ့လို့ ပြင်အပြီး
ကမ္ဘာကြီးအသော့အေးသော်မှ
မပေါ့သေးတဲ့ ရင်အပူထု
သက်သာမှုမမြင်။

ငွေအဝင်အထွက်မျှပြီး ရင်အေးပြုနိုင်အောင်
မဆင်မခြင် တက်ခွစီးတဲ့ဈေးနှုန်း
ဘုံးဘုံးလဲကျ
နာလန်မထအောင်
ကယ်မတော်မူပါ အသျှင်ဘုရား။

ရေနံ့သာ၊ ဩဂုတ်၊ ၁၉၉၄။



# ရစ်ဗယ်(န်) ဝင်းကဲ

တို့ငယ်ငယ်က
ဖတ်ခဲ့ရ၏
ထူးစွအဖြစ်
ရစ်ဗယ်(န်)ဝင်းကဲ သညာစွဲသော
လူထဲက လူတစ်ယောက်အကြောင်း။

ထိုရစ်ဗယ်(န်)ဝင်းကဲ
အမဲလိုက်အသွား
'ကြောင်သေတောင်' နားမှာ
လမ်းမှားယောင်ငိုက်
မောဟိုက်လျှနွမ်း
အပန်းဖြေတစ်ရေးအမှိတ်
အိပ်ပျော်သွားလိုက်တာ
နှစ်ပေါင်း နှစ်ဆယ် ကြာသတဲ့။

www.burmeseclassic.com

www.burmeseclassic.com







အနှစ် နှစ်ဆယ်ကြာမှ
အိပ်ရာကနိုး
ရှာရိုးအပြန်
တွေ့သူမှန်သမျှ
လုံးဝ သူ့ကိုမသိ
လုံးဝ သူကလည်းမသိ
ယောင်တိ ယောင်ချာ
ဝေးကမ္ဘာမှ
ရောက်လာဂြိုလ်သားလို
ခေတ်ခြားခဲ့ပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရွာရှိ အဆောက်အအုံ
အလုံးစုံ ပုံစံပြောင်းကာ
တိုက်တာအသစ်
လမ်းအသစ်နှင့်
အမြင်သစ်နေ
လူတွေ သူစိမ်းဆန်
အံမဝင် ခွင်မကျ သူ့ဒုက္ခ။

ခုခေတ်ကမ္ဘာထဲ
ဝင်းကဲပေါင်းများစွာ
ရှိနေပါ၏
ကာလဝန်းကျင်
'လျှင်မှ လှစ်မှ
တော်ကာကျ' သတဲ့
ကိုယ်ရဖို့ အချက်
ကိုယ်မြက်ဖို့ အခရာ
သိက္ခာချောင်ထိုး
တန်ဖိုးများပြောင်းလဲ
ခေတ်အလွဲမှာ
ဝင်းကဲများစွာ ယောင်ချာချာ။ ။

မဟေသီ၊ ဩဂုတ်၊ ၁၉၉၄။



## ညီညွတ်သောအကြောင်းတို့ဆုံရာ

ဖန်သားကြည်လင်
ကန်ရေစင်လို့
ကြာပင်လန်းဆတ် သန့်ရှင်တယ်။

လေပြည်အန္တိုး
လှိုင်းခွပ်တိုးလို့
ကကြိုးသွက်လက်လှပါတယ်။

နေခြည်ပွင့်လန်း
ရွှရွှနမ်းလို့
ကြာပန်း ရောင်စုံ ပွင့်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ ကြာညို ကြာနီ
အစီအရီလန်းတင့်
ဟော တစ်ပွင့် .....
ဟော တစ်ပွင့် .....
ပွင့်လို့မဆုံး
ဝင့်လို့မဆုံး
တစ်ကန်လုံးဝေ
လှပါလေခြင်း
သည်ရေ
သည်နေ
သည်လေ တို့ ဆုံပေါင်း
ကောင်းသောခြေနေ
ပေးဝေကူထောက်
စောင့်ရှောက်သမှု
ကုသိုလ်စုကို
သာဓု ... သာဓု ဆိုနေမိ၏ ။

သရဖူ၊ ဩဂုတ်၊ ၁၉၉၄။



## လာ..အသက် မျက်နှာသစ်စို့

လမ်းဖြောင့်လို့လား
အသွားထောက်ထောက် လမ်းအကောက်။

အလင်းမက်မော
စီးမျှောပိတ်နှောင် ညဉ့်အမှောင်။

လေပြည်တမ်းမက်
ကြမ်းခက်ဒုံးစိုင်း မိုးမုန်တိုင်း။

ဘဝတောလည်
ယောင်မောကွေ့ထောင့်
မဖြောင့်ခရီး
ပိတ်ဆီးအမှောင်
တောကောင်သားရဲ
ခြိမ်းခြောက်ကဲလည်း
ဖွဲ့နှင့်ခိုင်မာ
လက်တွဲကြာမြီ

www.burmeseclassic.com

www.burmeseclassic.com



လာ . . . လာ အသက်
စိတ်မပျက်ဘဲ
မျက်နှာသစ်စို့
အားသစ်စို့လေ့
နောက်တစ်ကွေ့မှာ
အရှေ့ကောင်းကင်
လင်းမျှင်နုနု
ပွင့်လုလုမို့
အားပြုကြိုစို့ အရုဏ်ဖြူ။

ရတနာသစ်၊ ဇွန်၊ ၁၉၉၄။

# ရွက်ကြွေမြေ

ကိုင်းမြင့်ညာရိုး
တိုးလိုးတွဲလဲ
အာလျစွဲသန်
ပ သို့ခံလည်း
မခံနိုင်ချေ
ရွက်ချွေနွေမှာ
ပြုတ်ကြွေရော်ရွက်
ဆက်မတွယ်သာ။

လေပြည်အလှုပ်
ကိုင်းမှပြုတ်သော်
ထုတ်နိုင်သမျှအား
စုစည်းထားရင်း
လွှားပျံမတဲ့
တောင်ပံဖြန့်လျက်
အနှံ့ခိုဝဲ
အံတုဆဲတည့်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရေးမဆုတ်
တလှုပ်လှုပ် တသဲသဲ
အမြဲလေမှာ
လိပ်ပြာတို့သွင်
ပျံချင်သော်မှ
ကမ္ဘာ့မြေခွင်
ဆွဲငင်ခြင်းတရား
သက်ရောက်အားဝယ်
သို့များသူပြိုင်
သို့သူနိုင်ချိမ့်
မနိုင်တိမ်းပါး
ပြားပြားဝပ်ကာ
မြေမှာအထပ်ထပ်
နေရာမလပ်အောင်
ရွှေလွှာချပ်တို့ကြွေ . . .
ကြွေ. . .
ကြွေ. . .။

*လုံမလေး၊ မတ်၊ ၁၉၉၄။*



# ခြားနားသော တန်ဖိုးများ

နေခြည်ပွင့်စ၊ နံနက်ထမှာ
ဘဝဆုံးကုန်၊ နှင်းဝတ်မှုန်လျှင်
လုံးစုံဆုံးရှုံးပါပြီလော။

ပင်မြင့်မာန်တင်း၊ အသီးကင်းလျှင်
မှည့်ဝင်းခွင့်မဆုံ၊ ကြွေရတုံလည်း
လုံးစုံဆုံးရှုံးပါပြီလော။

နေပူရှိန်ဖြင့်၊ အာငွေ့သင့်၍
စီးခွင့်မကြုံ၊ ချောင်းရေကုန်လည်း
လုံးစုံဆုံးရှုံးပါပြီလော။

www.burmeseclassic.com

www.burmeseclassic.com



အစီအရီ တည်တည်သမျှ
ဝေနေယျတို့
ဘဝကိုယ်စီ၊ ရှိကြသည်တည့်
ဖြစ်တည်သည်က တစ်ခဏသာ
ကြာလှသည်ဆို၊ တိုတောင်းပါလှ
တစ်ဘဝဝယ်. . . . .
အလှပေးဆက်၊ အသွေးတက်မှ
ပျက်ကြွေသော်ရှိ မြက်သည်တည့်။

အလှဝေးလျက်၊ အပွေးကွက်မူ
ဆက်နေသော်ရှိ ဆုံးပြီတည့်။

*ကလျာ၊ ဖေဖော်ဝါရီ၊ ၁၉၉၄။*



## ဒဏ္ဍာရီတစ်ပုဒ်

အတွေးကြွယ်ကြွယ်
အရွယ်ထွေးနု
သင်တုထက်သန်
အားမာန်ဖြိုးကြွ ငယ်ဘဝ။

တိမ်ပေါ်ခုန်တက်
သွက်လက်ပေါ့ပါး
လကိုသွားရောက်
အမောက်ထောင်စ ငယ်ဘဝ။

ရပ်မောင်းရပ်တံ
အလံတစ်ရာ မြင့်ထွားကာလျှင်
ကမ္ဘာကြီးအား ဘောလုံးများလို
လက်ဝါးပေါ်တင် ကစားချင်သည်
ဘဝင်မိုးမျှ ငယ်ဘဝ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်နန်း ယေဘုယျမှ
ကြာလှမထင် ရာသီခွင်စောင်း
ပြောင်းလဲခဲ့ပြီ သွေးသည်အနက္ခာ
ဘယ်မှာစိုးပိုင် ထိန်းထားနိုင်ချိမ့်
လေးယိုင်ခြေလက် မသွက်မလှုပ်
ဂီယာပြုတ်ကာ
နှုတ်များလျှာများ ကျောက်သားသွင်ပြောင်း
ညောင်းညာအံ့သေ
အသံတွေ မထွက်
မျက်စိအစုံ အရိပ်ပုံထင်
ဘဝင်မငြိ အမြင်မရှိ
မိမိဝန်းကျင် ယှက်တင်ပြွတ်သိပ်
အရိပ်တွေအကြား
မှုန်ဝါးမြုပ်နစ် ကြောင်းမဲ့သစ်ပြီ
ကျောက်ဖြစ်ရုပ်ကြွင်းဒဏ္ဍာရီ။

ရတနာသစ်၊ ဒီဇင်ဘာ၊ ၁၉၉၃။



# ဂေါက်နှင့်ဘဝ

ဂေါက်အားကစား
မခြားတူစွ၊ လူ့ဘဝနှင့်။

မျက်စိစူးစိုက်
ဘော့လုံး၌ရှု
ကြိုးစားမှု
လေ့ကျင့်မှု
စိတ်ရှည်မှု
ရင်းပြုနိုင်မှ၊ တော်ကာကျလိမ့်။

အနှောရာယ်စက်ကွင်း
သဲကျင်းအဖုံဖုံ
နွယ်ချုံအတန်တန်
ရေကန်ကျားခံတွင်း
ရှောင်ကွင်းနိုင်မှ၊ တော်ကာကျလိမ့်။

အလွဲအချိုက်
အံကိုက်ဖြောင့်မှန်
ထိရန်ချိန်ဆ
ခြေကဘယ်၌ လက်ဘယ်၌
လေကဘယ်တိုက် မြေဘယ်ငိုက်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်မည့်အချက်
တွက်ချက်ပြင်ဆင်၊ အကောင်းဆုံးယှဉ်။

ရိုက်ပြီးအချက်ဟောင်း
ပြန်ပြောင်းမဆွေး
မလာသေးသောရိုက်ချက်
ကြိုလျက်မကြွ
ပစ္စုပ္ပန်ရှု၊ သင့်အမှု။

အောင်မြင်ခြင်းသရဖူ
ထိုင်ငူနေရုံရမလား
ဘဝကားတိုက်ပွဲ
ဂေါက်ကစားလည်းတိုက်ပွဲ
ကွင်းထဲကိုဆင်း
ရဲတင်းပိုင်နိုင်
ကောင်းကောင်းပြိုင်က
ပန်းတိုင်မလွဲ၊ သင့်အောင်ပွဲ။

ဂေါက်အားကစား
မခြားတူစွ၊ လူ့ဘဝနှင့်။

*ကလျာ၊ ဒီဇင်ဘာ၊ ၁၉၉၃။*



# သူခိုးဖမ်းပွဲ

သန်းခေါင်ယံမှာ
အိပ်ရာမှနိုး
"သူခိုး သူခိုး"
ညာသံပျံ့၍
ရွာရိုးလှုပ်လှုပ်
အုပ်အုပ်သဲသဲ သူခိုးဖမ်းပွဲ။

ဝိုင်းလိုက်မနှေး
ပြေးလွတ်နိုင်ရိုး
ခိုးထုပ်ခိုးထည်
ထမီနှစ်ကွင်း
အင်္ကျီနှင့်ပုဆိုး. . .
သူခိုးခမျာ
မျက်နှာဇီးရွက်
လက်ပြန်နှောင် ဟုပ် လူအုပ်အလယ်။

www.burmeseclassic.com

www.burmeseclassic.com



မအေ . . . သူ့ခိုး
ဆိုးချင်ဦးဟ
ခိုးဦးဟ ဟု
နှုတ်မှကျိန်တွယ်
ဘယ်ပြန်ညာပြန်
နားပန်ကျင်းသူ
ပိုက်ဆူဆူ
သူ့အကဲဆုံး ဘယ်သူတုန်း
ပြည်သူပိုင်ငွေ အလွဲသုံး
ရာထူးပြုတ်သည့် ဦးငွေဘုန်း
တိုက်နှင့်တာနှင့်လူတစ်လုံး။ ။

*ရတနာသစ်၊ နိုဝင်ဘာ၊ ၁၉၉၃။*



# သစ္စာတိုင်

နွေမြူက မိုးဖြစ်
မိုးက နှင်းဖြစ်
နှင်းက မြူဖြစ်
အသစ်သစ်ဖြစ်ကြွေ
နှစ်တွေလွန်ကုန်ကြပြီဘုရား။

နေ့တာရှုဝ
နိုးထတိတ်တိတ်
အရုဏ်ရိပ်မှ
ယာဉ်ဆိပ်သို့ရောက်
လှေဆိပ်သို့ရောက်
လေဆိပ်သို့ရောက်
အကြိုထောက်ကာ
မဖောက်မပြန်
သည့်ဦးယံမှာ
လေးလံခြေလှမ်း
သယ်မစွမ်းနှင့်
ညှိုးနွမ်းနုံးခွေ
တစ်ကိုယ်ရေသာ
နေအိမ်ပြန်ရပါသည်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတွယ်တာ
သစ္စာစောင့်စည်း
အသည်းနစ်နစ်
ကြင်ချစ်သူနှင့်ကျွန်ုပ်မှာ
သမုဒ္ဒရာအကုဋေ
အသင်္ချေနှစ်များ
ကွာခြားခဲ့ပါပြီဘုရား။

တစ်ချစ်တစ်ဘဝ
ထာဝရမေတ္တာ
ရင်မှာနက်နဲ
သိမ်းဆည်းမြဲဖြင့်
စွဲစွဲမှတ်မှတ်
စိတ်ဓာတ်မပျက်
ရှေ့ဆက်ရန်နှလုံးသား
အကျွန်ုပ်အား
ချစ်သူအား
သနားပေးအပ်ပါဘုရား။ ။

*ကလျာ၊ အောက်တိုဘာ၊ ၁၉၉၃။*



## ကရွတ်ပတ်လမ်း


အစသည်တွင်
သည်မှာပင်အဆုံး
အဆုံးလည်းအစ
အစလည်းအဆုံး
အပြုံးနှင့်မျက်ရည်စက်
မျှော်လင့်ချက်နှင့် အားငယ်မှု
ပုရစ်နုနှင့်ကြွေရွက်
အသက် နှင့် မရဏ
ကွာဟခြင်းများ
မခြားဆက်စပ်
ကရွတ်ပတ်လမ်း တလည်လည်။ ။

*မဟေသီ၊ စက်တင်ဘာ၊ ၁၉၉၃။*

www.burmeseclassic.com

www.burmeseclassic.com







## အဖေ့ အနှစ်နှစ်ဆယ် အလွမ်း

အခါတော်ပေးတာက
နတ်ရေးငယ်ရွှေစာ
မင်္ဂလာတေးဂီတ
ပီသကြည်လင်
ပွဲကြီးယင်ခိုက်။

ရွှေပွဲလာတို့
နှစ်လို့ပြုံးမြ
နေ နှင့် လ
ခရွှ နှင့် မြ
တူမျှလိုက်ဖက်
ကြင်ဆက်သူမောင်နှံ့ကို
အားသန်မျှော်ငေး
ကောင်းချီးပေးကြခိုက်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာသတို့သား
နံ့ပါးတစ်ဘက်
ကပ်လျက်ထိုင်သူအဖေ
သီဝေသောမျက်ဝန်းမှာ
မှည့်ယွန်းမျက်ရည်။

"အိုအဖေ
ငိုနေပါလား"
နားနားကပ်အသာလေး
တီးတိုးမေးတော့
"ဟိုရှေးအနှစ် နှစ်ဆယ်အလွန်
ကွယ်လွန်သူမင်းတို့အမေ့ကို သတိလည်
ဖြေမဆည်မျက်ရည်ဝေ့မိ" ပါသတဲ့
ယနေ့အထိ
အငွေ့တငြိငြိ
အဖေ့၏ အနှစ် နှစ်ဆယ်အလွမ်း။ ။

လုံမလေး၊ ဇွန်လ၊ ၁၉၉၃။



## လှေငယ်ရှင်

မြစ်ရေကကြီး
လှိုင်းကဆီး
ရေစီးမောင်းသန်
နတ်ဝင်ဟန်
ကမ်းယံမည်သို့ဆိုက်နိုင်ချိမ့်။ ။

မုန်တိုင်းပြောင်းဆန်
လေမိုးထန်
မြူထရံပိတ်ဆီး
အမှောင်ကြီး
ခရီးမည်သို့ပေါက်နိုင်ချိမ့်။ ။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ရေကြီးငြား၊ လှိုင်းဆီးငြား
မုန်တိုင်းသန်ငြား၊ လေထန်ငြား
လားလားမတွေဝေ
လေဆန်ရေဆန်
အားအံကြိတ်ခဲ
လှော်တက်ဝဲကာ
ဖွဲ့အရင်းတည်
ဇွတ်နှစ်သည်တွင်
နေခြည်လန်းဖြာ
ကမ်းယာယာသို့
မြန်းလာငြိမ့်ငြိမ့်ပီတိစိမ့်။

လုံမလေး၊ မတ်၊ ၁၉၉၃။



# တစ်ယောက်သူ

ဟိုတစ်နေ့က၊ သူကြားရ၏။
အဖပမာ၊ ချစ်မြတ်ပါသော
ဦးတာတစ်ယောက် ဆုံးပြီတဲ့။

အင်း . . . မနေ့က၊ သူသိရ၏
နှမပမာ၊ လွန်ရင်းချာသော
သူဇာတစ်ယောက် ဆုံးပြီတဲ့။

ဒီကနေ့ပဲ၊ အရပ်ထဲက
ဒေါ်ဘဲရဲ့မြေး၊ ပိစိကွေးလည်း
သွေးကင်ဆာနဲ့ ဆုံးပြီတဲ့။

အရွယ်မဟူ၊ နီးဝေးသူကို
သိမ်းယူတတ်စွာ၊ သခ်ီရာဟု
မရဏာနုသတိ၊ မှတ်သိသံဝေ
ယူလေသလော၊ ပြောမပြောချင်
လောဘဒေါသ၊ မာနတိုးပြိုင်
ပိုင်လို နိုင်လို၊ တစ်ကိုယ်ကောင်းဉာဏ်
ဖြောင်းဆန်အဘိဇ္ဈာ၊ ကြီးမားကာလျှင်
ဗျာပါဒလျှမ်း၊ မောဟလင်းဝယ်
စခန်းမဆုံးတစ်ယောက်သူ။

လု- -လေး၊ နိုဝင်ဘာ၊ ၁၉၉၂။

www.burmeseclassic.com

www.burmeseclassic.com








# ရွေးမိရာသည့်လမ်း

ဖြစ်လာသမျှ အကောင်းအဆိုး
အကြောင်းအကျိုး ဆက်နွယ်မှုရှိ
လူ၏ကံတရား
လူသားသာဖန်တီးရှင်။

အသက်ရှည်သမျှ
မျက်ရည်ချည်းသာ မကျရပေမယ့်
ဘဝဟာပျော်ဖွယ်ခန်းရယ်လို့
တမ်းဆိုခက်ချင်။

ကိုယ်ကျင်လည်ရာဘဝ
လှုပဖို့အရေး
မျှော်တွေးလျက်အိပ်မက်မင်
ပုထုဇဉ်သဘာဝ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဝက်ဘာလမ်း
မကျွမ်းသူသိပ်ခက်ပါဘိ
အိပ်မက်တွေတန်တန်ပြယ်၍
က်ံမဖွယ်ညာဏ်ဘယ်ဆိုက်ပါလိမ့်
မိုက်မဲလှတဲ့အရေး
ရွေးမိရာသည်တစ်လမ်း
သည်စခန်းသည်မြောင်နှင့်
သည်အမှောင်ဘယ်မှာဆုံးမည်လဲ
အရှုံးတွေအသချေ်မတန့်အောင်
စွန့်ရနပ်သလားမေးရင်
ပြတ်သားမကွေ့ကောက်တဲ့
အဖြေရှာမရ။

ချန်ထားမေ့ပျောက်ဖို့လဲ
ဝေဒနာမမျှ။

*ကလျာ၊ အောက်တိုဘာလ၊ ၉၂။*



# ဦးခေါင်းနဲ့လူ

ဦးခေါင်းနဲ့
စောင်လို့ကြည့်
ချောင်းလို့ကြည့်
ပကတိလောကကို
ညြှချလောက်အောင်မြင်ရမယ်။

ဦးခေါင်းထဲ
စဉ်မြဲထက်မြက်
တိုးတက်ရာ တိုးတက်ရေး
ကြံတွေးအသေအချာ
အဖြေရှာဖို့
ကွန်မြူတာတွေ ရှိနေမယ်။

ဦးခေါင်းရှင်း
စိတ်ရင်းဖြူ
ပြည်သူ့အကျိုး ပြည်အကျိုး
သယ်ပိုးထမ်းရွက်ပေးနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းမတ်
ဟည်ရုပ်ခိုင်မာ
ကိုယ့်အထာလေးနဲ့ကိုယ်
ကြည်ညိုစရာနေနိုင်တယ်။

ဦးခေါင်းဆိုင်
တူထိုင်နိုးနှော
သဘောမျှတ
ကြုံဆကြရင်
နေလတစ်ရာထွန်းလင်းမယ်။

သည်အလားအလာကောင်းများ
ဖော်ဆောင်သွားဖို့
လူသားတိုင်းမှာတူညီ
ကိုယ်စီဦးခေါင်းရှိပါတယ်။

*လုံမလေး၊ အောက်တိုဘာ၊ ၉၂။*



# နွေဇေါ်ပုံရိပ်များလွန်သော်

မြေပြင်မာခက်၊ ပတ်ကြားအက်၍
ပင်မြက်လိုနိုး၊ ဖုန်ညစ်ဖုံးလှည်း
လုံးစုံဆုံးရှုံးသည်မဟုတ်။

လေရူးခြွေမှုတ်၊ ရွက်ကြွေပြုတ်၍
ငုတ်တုတ်ရိုးကျဲ၊ ကိုင်းတံမွဲလည်း
အမြဲဆုံးရှုံးသည်မဟုတ်။

နေပူရှိန်မြင့်၊ အာငွေ့သင့်၍
စီးခွင့်မလန်း၊ ချောင်းရေခမ်းလည်း
သူ့လမ်းဆုံးပြတ်သည်မဟုတ်။

ဘဝယခု၊ ဆုံးရှုံးမှုဖန်
အကြံမညီ၊ နိုက်ကြုံသည်လည်း
ရာသီ၏စက်၊ မပျက်သူ့ဝတ်
လည်ပတ်လှည့်ကူး၊ မိုးဦးပက်ဖျန်း
ရတုဆန်းသော်
ရှင်လန်းပေါ့ပါး၊ ငါတကားဟု
အင်အားတွေရ၊ တစ်ဖန်လှကာ
ဘဝစိမ်းသစ်ပါလိမ့်ဦး။

*ရှုမဝ၊ ဇွန်လ၊ ၁၉၉၂။*

www.burmeseclassic.com

www.burmeseclassic.com







# တို့ဖခင်

အမိရင်နွေး
ခိုခွင့်ပေးသော
ကလေးလူမမယ်
ငယ်ရွယ်ဘုစု
မိသားစုကို
ဥမကွဲသိုက်မကွာ
စောင့်ရှောက်လာခဲ့
သူသာမိခင် သူဖခင်။ ။

နေ့ဝယ်နေတစ်စင်း
ညဝယ်လတစ်စင်း
ထိန်လင်းကြည်လင်
တို့ကောင်းကင်မှာ
အစဉ်စိုးမိုး
အားကိုးတစ်ခုတို့ဖခင်။ ။

www.burmeseclassic.com

www.burmeseclassic.com



တို့ဘဝဝယ်
လမ်းပြမခွာ
သဒ္ဒါသန့်စင်
ပြသွန်သင်ခဲ့
အစဉ်တောက်ပြောင်
တန်ဆောင်မီးရှူးတို့ဖခင်။ ။

တို့ရဲ့လမ်းကြောင်း
မစောင်းမတိမ်း
မယိုင်ယိမ်းအောင်
ထိန်းသိမ်းမြဲနိုင်
တည့်မတ်နိုင်ခဲ့
ပဲ့ကိုင်အရှင် တို့ဖခင်။ ။

မေတ္တာရန့်
သင်းပျံ့သန့်ကြည်
စိတ်ရှည်လွန်းစွ
ဘဝစက်လည်
ရပ်တည်လွှမ်းမိုး
ဝင်ရိုးမဏ္ဍိုင် တို့ဖခင်။ ။



သူများဖခင်
တို့ဖခင်
ဖခင်မှန်သမျှ
အနန္တမေတ္တာ
ရင်မှာချပျိုး
အကျိုးလိုလား
စိတ်မပြားတတ်
မှားသော်လည်းရှိ
မှန်သော်ရှိဘိ
ယတိပိုင်းပြတ်
စွဲမှတ်အိပ်မက်
သားတို့တွက်သာ
မိုးထက်ငွေကြယ်
လှမ်းရှယ်ရင်းမတ်တတ်
ရုပ်ကြိုးပြတ်လည်း
သိမှတ်အထူး
သူ့ကျေးဇူးကို
ရည်စူးကော်ရော်
ပူဇော်မပျက်
သူ့အိပ်မက်ကို
ဆက်လက်ဖော်စို့နောင်ညီတို့။ ။

လုံမလေး၊ ဇွန်လ၊ ၁၉၉၂။

www.burmeseclassic.com

www.burmeseclassic.com



# ပီတိပျောက်ကွယ်ခြင်း

ခုံတန်းကလေး
သဘော်ာဆေးဖွေးဖြူ
ပန်းလာသူတဆိတ်
ခွေးသိပ်လှည့်ခေါ်ယောင်
ပညောင်ပင်၏ အရိပ်အောက်။

ပညောင်စခန်း
သည်ခုံတန်းပြင်
ရေချမ်းစင်လေး
ရှိချေသေး၏
နီးဝေးမှလာသူ
ရင်ပူပျောက်စေ
သောက်ရေတစ်ခွက် ကြိုကမ်းဆက်။



သဗ္ဗေသတ္တာ
ပန်းလာသမျှ
ဝေနေယျတို့
ပြေကြစေရွယ်
စင်ကြယ်မေတ္တာ
စေတနာကို
သာဓုဆိုမိ
ပီတိရွှန်းဖြာ
ချဉ်းကပ်ပါသော်. . .
ခုံမှာရွံ့သုတ်
အုန်းမှုတ်ခွဲသွား
ဖြစ်ရမ်းကားကို
ထင်ရှားတွေ့ရှိ
ရင်နောက်ကျိကာ
ပီတိပျောက်ကွယ် ငါကျန်၏။

*ရွှေဝတ်မှုံ၊ မေလ၊ ၁၉၉၂။*

www.burmeseclassic.com

www.burmeseclassic.com



# ပိုးလမ်းမ

တောင်စဉ်အထပ်ထပ် ပိုင်းဖြတ်စည်းခြား
လမ်းကားမရှိ။

သိတာအကန့်တန့် စီရံကာထား
တံတားမရှိ။

မိုးထိတောင်များ ကာဆီးထားလည်း
လူသားဖွဲ့မာန် ညှံ့မခံတည့်
တောင်ယံခါးပန်း သွားလမ်းကျဉ်းကျဉ်း
ကုတ်ကပ်နင်း၍ မွေးညှင်းကြက်သီး
ထဖွယ်ချည်းလျှင် အသည်းအသန်
တစ်လံရွေ့လျား သက်စွန့်စားရင်း
ရည်ထားခရီး လမ်းစချီးခဲ့။။



မြစ်ပြင်ကျယ်သွမ်း
ရေစီးကြမ်းလည်း ကြိုးတန်းချည်စွဲ
ခက်အခဲနှင့် ကူးဆွဲတစ်ဘက်
ကမ်းရောက်တက်၍
ဆက်လက်လမ်းထွင် ခရီးနှင့်ခဲ့။
ပထဝီနေထား
ပိတ်ဆီးခြားလည်း ကျော်လွှားခက်ခဲ
ဖွဲ့နှင့်ရင်ဆိုင် 'ပိုင်' တို့ဥာဏ်
တာလီမှစ 'ပိုးလမ်းမ' တည့်
မြန်မာ့မြောက်စွန်း ဖြတ်သန်းပြီးကာ
ဂန္ဓာလာရာဇ်မှ မဖို့မတိုင်
မိတ်ဆက်နွှယ်
ပိုးကုန်သွယ်ကြ
ဖလှယ်ကူးသန်း လူ့အစွမ်းတည့်
ပိုးလမ်းမအားဂုဏ်ပြုဧ။

အကောက်ခွန်မဂ္ဂဇင်း၊ ၁၉၉၂။

www.burmeseclassic.com

www.burmeseclassic.com







# ကင်ဆာဆောင်မှာည

ညအရေးနက်
ငြိမ်သက်ကမ္ဘာမှာ
ကင်ဆာဆောင်တစ်ခုရဲ့
အမှောင်ထုအကြား။

ညသည်လေးစွ
တစ်ရေးတစ်မောတစ်ငိုက်
နှစ်နှစ်ခြိုက်ခြိုက်
အိပ်လိုက်ချင်ပေမဲ့
ဘယ်လှည့်ညာစောင်း
တည်ငြိမ်ကြောင်းရှာမရ
ကြေမွတဲ့အိပ်ရာစပ်
အပ်ချွန်အလက်လက်
နှိပ်စက်ထိုးဆွ
ခံရမသက်သာ
ဘယ်မှာလဲအိပ်စက်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com





အိုက်စက်မပျော်
ဘေးခုတင်ပေါ်မှာလဲငုတ်တုတ်
အဆုတ်ကင်ဆာသမား
မနားတမ်းချောင်းဆိုးထန်
ထွေးခံမှာသလိပ်နဲ့သွေး။ ။

ခြေရင်းက ခံတွင်းကင်ဆာ
ပါးအနာဒိုးယိုပေါက်
ရေတံလျှောက်မှ သွားရေတများများ
အစားသွင်းဖို့ ပိုက်တန်းလန်းနဲ့
ယောင်ယမ်းထထိုင်နေလေရဲ့။ ။

ခေါင်းရင်းကလူမမာ
နှာဝမှာအောက်စီဂျင်ပိုက်နဲ့
ဖုတ်လိုက် ဖုတ်လိုက် အသက်တည်
တစ်စက်စီကျဆင်း
ဒက်(စ်)ထရို့(စ်) ပုလင်းကဆေးရည်။ ။

တို့အဖြစ်မှာ
ကင်ဆာလို့ကိစ္စ
ခွဲစိတ်မားမမိ
ဓာတ်ရောင်ခြည်လဲမတိုး
မျှော်ကိုးစရာတစ်ခု
ဓာတုဆေး ဝယ်သွင်းရမတဲ့။ ။
ဆေးသိပ္ပံကတိုးတက်
လူ့အသက်ကယ်မဲ့ဆေး
ဈေးတွေတော့အဆမတန်ကြမ်းလှချည့်
အစွမ်းထက်တဲ့ ဗလီယိုပိုင်စင်
နောက် - အန်ကိုဗင်မဆိုလို
မီသိုထရိစိတ်ထိုးဆေးတောင်
ဈေးခေါင်ခိုက်နေတာယုံ
ဆေးတစ်ဖုံထောင်ချီရှင်းရမတဲ့
ထမင်းဖိုးအနိုင်နိုင်မို့
ငွေငိုင်ကာ ချလိုက်ရတဲ့သက်ပြင်း
မိုးမလင်းနိုင်ပါလား။ ။

ရင်ခုန်ပွင့်၊ ၁၉၉၂။

www.burmeseclassic.com

www.burmeseclassic.com





# ယုံကြည်သည်များ

စာအခန်းခန်း
ကျမ်းအစောင်စောင်
အာဂုံဆောင်မိ
စာအသိထက်
မိမိရင်ဖြစ်
ကျစ်လျစ်ပြတ်သား
စိတ်ကူးများက
အင်အားရှိသည် ငါယုံကြည်၏။

အမှန်ဒိဋ္ဌ
ဖြစ်သမျှထက်
စိတ်မှစေစား
အိပ်မက်များက
အင်အားရှိသည် ငါယုံကြည်၏။

ဘဝခရီး
ဆုံစည်းသရွေ့
ကြုံအတွေ့ထက်
ရွေ့မျှော်လင့်ချက်
အင်အားထက်သည် ငါယုံကြည်၏။

ချစ်သောသူကို
သိမ်းယူဆောင်ကြဉ်း
ရှင်သေမင်းထက်
ချစ်ခြင်းမေတ္တာ
အင်အားသာသည် ငါယုံကြည်၏။ ။

ရွှေမင်း ၁၉၉၂

www.burmeseclassic.com

www.burmeseclassic.com



## ဆန်းစစ်ခြင်း

လူ့ဘဝမှာ
ကျင်လည်ကြာပြီ
သင်ဘာသိပြီနည်း။

လူ့ဘဝမှာ
အနေကြာပြီ
သင်ဘာရပြီနည်း။

လူ့ဘဝမှာ
ရှန်းကန်ကြာပြီ
သင်ဘာစွမ်းပြီနည်း။

မွေးကင်းမှသည်
ကျင်လည်လာရ
ထိုဘဝအဓိပ္ပာယ်
အကယ်ထိမိ
သိရှိသလို
ခေါင်းကိုတစိမ့်စိမ့်
ညိတ်တုံ ယမ်းတုံ
ဂုရုပုံကြောင့်
ကြည်ယုံပူဇော်ထိုက်ပြီလော။ ။

ရှုမဝ၊ ၁၉၉၂။



## ခြေရာကောက်ခြင်း

ငါလွမ်းမနေ
ပန်းခြေရာကောက်
လှမ်းလျှောက်ခြေဆန့်
အနံ့ဖွေလည်
တွေ့ပါပြီကော
ပန်းတောစွန်မှာ ကြွေပွင့်လွှာ။

ငါသိမ်မနေ
တိမ်ခြေရာကောက်
မိုးမောက်အပြိုင်
တိမ်စိုင်တိမ်တိုက်
မိုးလုံးမိုက်လည်း
လေတိုက်လွင့်ရာ မျောလွင့်ပါ။

ငါငယ်မနေ
ကြယ်ခြေရာကောက်
မှော်နှောက်တွက်ရေ
နေစကြာဝဠာ
အာကာပြင်ဆုံး
ကြယ်မဆုံးတမ်း
ပွင့်ပြုံးလက်ဖြာ ကုဋေကုဋာ။ ။

လုံမလေး၊ ဇန်နဝါရီ၊ ၉၂။

www.burmeseclassic.com

www.burmeseclassic.com



# ချယ်ရီတွေပွင့်ပြန်ပြီ

ချမ်းမြဆောင်းမီ
ရာသီပွင့်လင်း
တိမ်ခင်းပြာလွ
ပန်ရအောင်
ရိုးမတောင်တန်း
ပန်းနုလွှမ်းခြုံ
စွမ်းကုန်ပွင့်ဝေ
ချယ်ရီတွေ · ချယ်ရီတွေ။ ။

ချယ်ရီလန်းဝေ
တောင်ခြေပတ်သန်း
ယာဉ်တန်းတစ်ခု
မိသားစုနှင့်
တစ်စုမျိုးဆွေ
ဘယ်မြေဦးတည်
ဘယ်ဆီဦးတိုက်
မျဉ်းငိုက် လိုက်ပါလာကြပါလိမ့်။ ။

မိသားတစ်စု
စုစုစည်းစည်း
ခင်ရင်းနှီးလည်း



အပြီးသတ်မှာ
ကိုယ်သာထည်းထည်း
ကိုယ့်ခရီးတည့်
သမီးနှင့်သား
ချစ်မယားတို့
ထောက်ထားပြုစု မေတ္တာထုက
ပြုပြင်နိုင်မလား
ပြတ်သားဝိုင်းစက်
မျက်ဝန်းထက်မှ
လင်းလက်ရောင်နွယ်
ကယ်နိုင်မလား?
ခွန်အားမြမြန်
သံယောဇဉ်ကြိုး
ရစ်ပိုးနှောင်ပတ်
ကူတတ်မလား? စဉ်းစားစရာ။

ထကြွ နိုးကြွ
ဆွတ်လွပန်းနု
ရတုပန်းချီ
ချယ်ရီပုံကား
မမှုန်ဝါးဘဲ
တေးသားစိုမြမြမည်လား။ ။

*ကလျာ၊ ဇန်နဝါရီလ၊ ၁၉၉၂။*

www.burmeseclassic.com

www.burmeseclassic.com



# ကဗျာဆရာဖြစ်ဖို့ ဘာလိုသလဲ

"ကဗျာဆရာ" ဖြစ်ဖို့ဆို
ဘာလိုသလဲ - ရယ်လို့
စာဆိုပွဲတစ်ခုမှာ မေးကြတယ်။

ဟန်အပြည့်အဝ
"ပဏ္ဍိတ" ပုံစံနဲ့
လည်တံကိုဆန့်ကာမော့
ခပ်ကြော့ကြော့မဖြမလွှယ်
ဒါပေမယ့်
ခပ်သော့သော့ကန္နေ့ဆည်။

ပါရမီနဲ့ဖွဲ့လုံ့လ
စနစ်ကျတဲ့ကဗျာပုံစံ
ထက်သန်တဲ့စေတနာ
ပြီးတော့ . . .
အသေအချာလေ့လာမှု
အစပြု . . . အစပြု
စကားကြောခင်း



ဟောရင်းနဲ့အဆိုကြွယ်
ကိုယ်တကယ်ယုံကြည်သွား။

ပရိသတ်ခများ
စိတ်မှတ်ကာပညာယူကြ
ရင်မှာအပူ
သူတို့မသိလေဘု
မျက်စိတွေဝေသီဝါးပါလို့
တရားကိုနိဂုံးချုပ်တဲ့အခါ
အဟုတ်တကယ်
ထည့်မဟောတာက
"ပြောစရာရင်အပြည့်ဖိတ်
ကြိတ်မနိုင်ခဲမရမှ
အသည်းက ကဗျာဖွား"။

မဟေသီ၊ ၁၉၉၂။

www.burmeseclassic.com

www.burmeseclassic.com


# မြစ်လယ်

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာအိပ်မက်

လင်းတတွေ ညောင်စေ့စား
ကျားတွေ သစ်မြစ်ကိုက်
တစ်စရိုက် တစ်ဘာသာ။

တရားချစ်
ကျားသစ်ကမေတ္တာဝေ
ဝံပုလွေဥပုသ်ထိန်းတဲ့
ချမ်းငြိမ်းကမ္ဘာ။

ငါးမန်းကလှေ
မြွေကတံတား
ခြင်္သေ့များက စီးယာဉ်
ခင်မင်ယိုင်းပင်းလို့
အချင်းချင်း ထောက်ထားညာ
တနာကူလက်ကမ်းကြ။

www.burmeseclassic.com

www.burmeseclassic.com



ရန်ဟူမမြင်
မပူပင်မကြောင့်ကြရ
ကြည်လင်တောက်ပလှတဲ့
ချစ်စရာ့မေတ္တာကမ္ဘာ
ခဏတာအလည်ရောက်
ဝမ်းမြောက်မှုအပြည့်နဲ့
ပီတိရှိန်မလင့်ခင်
လွင့်စင်ပေါ့ သည်အိပ်မက်
ညဉ့်နက်ဝေဒနာအမောမှ
နှမြောလွမ်းတာ။ ။

ရှုမဝ၊ ဒီဇင်ဘာ၊ ၁၉၉၁။



## တစ်မျက်နှာတည်းနှစ်ယောက်
## တစ်ယောက်တည်းနှစ်မျက်နှာ

တစ်မျက်နှာတည်း နှစ်ယောက်
တစ်ယောက်နှင့်တစ်ယောက် ဆင်တူ
သွင်မှုကွဲလွဲ
ရုပ်ရှင်ထဲမှာ
ဝါဝါနှစ်ကိုယ်ခွဲ
ခင်သန်းနု နှစ်ကိုယ်ခွဲ
ကျော်ဟိန်း နှစ်ကိုယ်ခွဲ
နှစ်ကိုယ်ခွဲများစွာ
သင်ကြည့်လာခဲ့
ငါကြည့်လာခဲ့
တာမဖွဲ့လို့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လည်း
တစ်ယောက်တည်းနှစ်မျက်နှာ
ရှိပါသည်ဆို
ငြင်းလို့သလား
ထားပါတော့လေ
လူတွေသဘာဝ
ရှေ့ကတစ်မျက်နှာ
ကြည်သာပြုံးချို
ရွှေလိုဝင်းလက်
နှစ်သက်ဖွယ်ထား
အခြားတစ်မျက်နှာ
နောက်မှာပုန်းလျှို
မဲညိုညစ်ပုပ်
ကြမ်းကြုတ်မာကျော
အရှိသဘောကို
ကြည့်ကော ကြည့်မိကြရဲ့လား
သိကော သိရှိကြရဲ့လား။ ။

*လုံမလေး၊ ဒီဇင်ဘာ၊ ၁၉၉၁။*



# အသွင်ပြောင်းခြင်း

ရင်ဝယ်ဥကင်း
ပျော်ရွှင်ခြင်းတို့
မီးသင်းဖယောင်း
အိပျောင်းနွမ်းရော်
အရည်ပျော်ကျ
မျက်ရည်စများဖြစ်သွား၏။

ရင်ဝယ်ပြည့်နှက်
မျှော်လင့်ချက်တို့
နှင်းစက်နှုလွင်
နေတွင်လွင့်ဝေး
သောကချွေးများ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com







လောကဝင့်နှောင်
အမှောင်ထုကြား
မျက်ရည်များ
သောကများ
တိုက်စားစိမ့်ဝင်
အစဉ်တစိုက်
ရိုက်ခတ်စွဲငြိ
ဒဏ်အထိဝယ်
မိမိနှလုံး
ကျစ်မာရုန်းကာ
ကျောက်တုံးကျောက်သားဖြစ်သွားဒေါ့။

*ရှုမဝ၊ ဒီဇင်ဘာ၊ ၁၉၉၁။*

www.burmeseclassic.com

www.burmeseclassic.com







# သီချင်းသည်၏နေ့တစ်နေ့

အိုဘယ့်ဘယ် . . . အိုဘယ်လောက
ကံထောက်မ၍
ရရှိခဲ့မင်
သင့်ရင်ခွင်မှာ တစ်နေရာ။

ဟန်ကျ ပန်ကျ
ဆိုမရလည်း
မတောင့်တ မငြင်ငြို
ထိုနေရာမှ
မြင်သမျှရှုခင်း
နှလုံးသွင်းကာ
အရင်းခံနှင့်
သီချင်းသံလွှင့်။

www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်လင်းအရုဏ်
သင်းထုံသောပန်း
စိုလန်းသောနှင်း
တေးညင်းသောငှက်တို့၏
မျှော်လင့်ချက်ရောင်ခြည်ဦးဝယ်
မြူးတူးလိုက်ကြည်သီချင်းသီခဲ့။

သာယာသောနေ့ခင်း. . .
နေမင်းရဲရင့်
တိမ်ရိပ်လွင့်စဉ်
ပြာလွင်ကြည်မြ
ပန်းချီအလှဝယ်
ကြွသစ်အားမာန်၊ တေးရင်လျှံခဲ့။



ညိုသမ်းညနေ
လေလှုပ်အချေ
ကြွေပြုတ်ကျသောသစ်ရွက်များ
တဖားဖားဝဲ
ခင်းကြဲမြေတစ်ခွင်
အမြင်မသန့်
မဆန့်ရင်ဝယ်
ဝေဒနာတွယ်ဆဲ
လင်းစွယ်ကျိုးငုတ်
မိုးချုပ်ဆည်းဆာ
ကျရောက်လာခဲ့။
မကြာမတင်
ညခွင်၏ငြိမ်သက်ခြင်း
ဆိုက်ရောက်ခင်းကို
သီချင်းဆိုလွင့်
ရင်ကိုဖွင့်လျက်
အသင့်ဖြစ်၍နေပါပြီ။

*ရှုမဝ၊ အောက်တိုဘာ၊ ၁၉၉၁။*

www.burmeseclassic.com

www.burmeseclassic.com



## အရုဏ်ဦးမှာနှင်း

ဝတ်မှုန်လင့်ကာ
ပွင့်လာပေါ်စိုနှ
ပုလဲဥနှင်းပွင့်။

အရုဏ်ရိုးရီ
နေမပီသော
ရောင်နီဦးဝယ်
တင့်တယ်တောက်ပ
လှလိုက်သည့်နှင်း
အိဝင်းစိုအက်
မျှော်လင့်ချက်အပြည့်။

သို့မင့်တစ်ဖုံ
အရုဏ်သက်ကြွေ
တက်နေဝင့်ဝင့်
မြင့်ပြီးမြင့်သော်
နှင်းပွင့်ခမျာ
ဘယ်မှာထာဝရ
လှပါတော့နိုင်
မခိုင်သောသူ့ဒြပ်
ရှုမှတ်ရင်၌ ဝေဒနာ။

ရှမဝ၊ စက်တင်ဘာ၊ ၁၉၉၁



## အရှုံးပြုံးနဲ့ နှုတ်ဆက်မယ်

"ကမ္ဘာကုန်ကျယ်
တာတွယ်မြတ်နိုး
ကိုးကွယ်တဲ့အချစ်
အမြစ်ဖြာဝေ
မသေပါဘူး"
ဆိုကျူးသူ့စကား
ယုံစားဖို့လိုက်
တရှိုက်မက်မက်။

ဘဝနွေကို
မျှဝေခံစား
လက်တွဲသွားမတဲ့
မုသားလားဟင်
သံသယ မဝင်ဘု
အစဉ်ကြည်ယုံ
ဥသုံပေးဆက်
မယွင်းပျက်ပါ
နှင်းသက်ဆယ်ဆာ
မြတ်နိုးရသူ။

www.burmeseclassic.com

www.burmeseclassic.com



ကန္တာလွင်ထဲ
ယှဉ်တွဲအတူ
နေပူစပ်ခါး
ရှည်လျားခရီး
အချိုးရှိသေး
တစ်ရေးသာမက်
အိပ်မက်နှိုးလှန့်
လက်ဆန့်စမ်းကြည့်
သူ မရှိတော့။

ဪ. . . အကြောင်းငြိလို့
ပြောင်းလှည့်ချန်ထား
သူစိမ်းကားလဲ(လည်း)
နားလည်ရဲတယ်
ကြိတ်ခဲမကျန်
လည်မပြန်ဘု
ဇက်ရာကိုဖုံး
အရှုံးပြုံးနဲ့
နောက်ဆုံးနှုတ်ဆက်မယ်. . . သူရယ်။

*ရင်ခုန်ပွင့်၊ စက်တင်ဘာ၊ ၁၉၉၁။*

## နှုတ်ခြင်း

နှုတ်ခြင်းမှာ
အင်အားပါ၏။

နှုတ်ခြင်းမှာ
ဂွမ်းမာန်ပါ၏။

နှုတ်ခြင်းမှာ
အလှပါ၏။

နှုတ်ခြင်းမှာ
အိပ်မက်ပါ၏။

နှုတ်ခြင်းဆောင်
အမောင်လုလင်၊ သင့်ရင်သန္တေတည်
ယုံကြည်သမျှ သစ္စာလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဝလက်တွေ့၊ တစ်ကွေ့တစ်လမ်း
ရှေ့စခန်းဝယ်
မျှော်မှန်းအိပ်မက်၊ ပိုင်စိုးခက်စွ
ကြမ်းခက်လောကခံ၊ စမ်းသတ်ဒဏ်ကို
ကြံ့ခံဝေခွဲ၊ ခက်အခဲ၌
ပြောင်းလဲရင့်ကျက်ရဦးမည်။

ရှုမဝ၊ ဩဂုတ်၊ ၉၁



## သချ်ာဂုရုများ

အပေါင်းအနုတ်
ရေလုံပြုတ်သူ။

အမြှောက်အစား
တောက်ကစားသူ။

အမြတ်အစွန်း
အပြတ်ကျွမ်းသူ

ထိုထိုဤဤ
အရည်ကြိုခမန်း
တွက်ကိန်းစွမ်းသူ
ရေပေါ်လူတို့
ရှေးသူမိန့်ဟော
လောကပါလ
မြတ်ဓမ္မကို
နှိမ့်ချပယ်ရှား

www.burmeseclassic.com

www.burmeseclassic.com



မေ့လျော့ငြားလည်း
ကျက်စားကျင်လည်
လူ့မှုနယ်မှာ
တွင်ကျယ်ဟန်သစ် ယင်းလူတို့ဖြစ်၏
သိမ်ငယ်ကျန်ရစ်ကြွင်းသူတို့ဖြစ်၏။

ရှမဝ၊ ၁၉၉၁။



# အပြုံးရောင်းပါ

အရုပ်ရောင်းပါ
ငါပူဆာသော်
ကြိုက်ရာကြေးနှင့် ဝယ်ခွင့်ရ၏။

မုန့်ကိုရောင်းပါ
ငါပူဆာသော်
တန်ရာနှုန်းနှင့် ဝယ်ခွင့်ရ၏။

ပန်းကိုရောင်းပါ
ငါပူဆာသော်
ပေါက်ရာဈေးနှင့် ဝယ်ခွင့်ရ၏။

အပြုံးရောင်းပါ
ရောင်းပေးပါဟု
အသပြာထောင်သောင်း
ဈေးတင်တောင်းလည်း
ခေါင်းခါခြင်းနှင့်ကြုံရ၏။

ကလျာ၊ ၁၉၉၁။

www.burmeseclassic.com

www.burmeseclassic.com





၁၄၂



# လှံ့လပုံပြင်

ကျောက်သားပေါ်သက်
ရေတစ်စက်
ပျောက်ပျက်လွင့်စင်၊ အရာမထင်။

သူ့ဝတ်မပျက်
တစ်စက်ပြီးတစ်စက်
ပြီးတစ်စက် . . .
ပြီးတစ်စက် . . .
ဆက်၍ဆက်ကာ၊ ကျရောက်ရာဝယ်။

ကာလရှည်လျား
မနားမရပ်
တရစပ်ဆက်
ရေစက်၏ဒွှဲ
မာခဲသောကျောက်သား
လားလားမမှု
အံ့တုရန်ကော
သွမ်းရယ်မောရင်း
ဟော - တွင်းလေးတစ်ခုချိုင့်သွား၏။

ရှုမဝ၊ မေလ၊ ၁၉၉၁

www.burmeseclassic.com

www.burmeseclassic.com



# ပန်းကလေးရဲ့ရွှေအိုရောင်အားမာန်

ရွက်သစ်ရဲ့အရောင်စိမ်းမြမြ
ထိန်းရတော့မလွယ်၊

အစိမ်းကို ရွှေအိုဖုံးပါလိမ့်
နောက်ဆုံးတစ်နေ့မယ်၊

ပန်းဆိုလည်း အလှသွေးကြွယ်
ခဏလေးရယ် နာရီမျှ၊

(ဒါပေမယ့်. . . . .)
အခါသင့်ခိုက်
ပွင့်လိုက်မည်အာဏာကုန်ပေါ့
တစ်လွှာကြွေတစ်ငုံချပ်ပါလို့
တစ်ဖတ်စီမြေမှာလျော့စေတော့
အမောအသာဖယ်၍
ကမ္ဘာအနယ်နယ်ရနံ့ချင်းအောင်
သင်းလိုက်မည်ပ။

ရှမ၀၊ ဧပြီလ၊ ၁၉၉၁။



# ကျောက်တောရဂုံသွား တောလား

နှစ်ပေါင်းသန်းချီ
ပဝေသဏီမှ
ပထဝီအံ့ဖွယ်
တာနီနယ်သာမော
ကျောက်ဆစ်တောသို့
ကံမျှော်တစ်ခေါက်
ဒ၊လည်ရောက်ရာ။ ။

ကျောက်ဆစ်ကျောက်ထု
အစုစုကား
ပန်းပုအမော်
သိန်းသန်းကျော်ကို
ဖိတ်ခေါ်စေစား
ခဲ့သလားထင်
အံ့အားသင့်လောက်
လက်ရာမြောက်စွာ။ ။

www.burmeseclassic.com

www.burmeseclassic.com



မိခင်နှင့်သား
ခရီးသွားဟန်
နဂါးမုန်ကြွ
ယမ်းငွေ့ကဟန်
အသံကြီးမား
ငှက်များကေရာဇ်
ဖိုးနစ်ငှက်ကြီး
နှုတ်သီးလည်ပြန်
ဆွသောဟန်နှင့်
ကျားဖျံသွက်လက်
ခုန်လျက်အုပ်ဟန်
အတန်တန်လျှင်
လည်တန်လှည့်ဆန့်
တအံ့တသြ
ရှုမောမညီး
တစ်ခုပြီးတစ်ခု
မြင်ကွင်းစုကား
ပန်းပုအံ့ဖွယ်ပွဲကြီးပင်။ ။



အမြင်သာမော
ကျောက်တောရဂုံ
စုံမြိုင်လျှိုကြား
တစ်ထောက်နားခိုက်
ဝတ်စားနုစို
စာနီပျိုတို့
တေးဆိုကပြ
ရှင်လန်းရ၏
ရွှန်လည်သဘင်
ပွဲကြီးဆင်သော်
ရှုမြင်လိုစိတ်
ရင်ပြည့်သိပ်ကာ
ယိုဖိတ်မောခဲ့ရတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



## အလိုဆန္ဒ၏ခန္ဓာဗေဒ

ကိုယ်၌မရှိ
အလိုပြည့်ရန်
အလိုရှိကြမှန်၏။

သို့သော်
ကိုယ်၌အရှိ
အပိုဖြည့်ရန်
အလိုရှိကြပြန်၏။

မရှိ၍လို
ရှိ၍လို
အလို၏ခန္ဓာဗေဒ
မျှတညီညွတ်ခြင်း သော်မရှိ။

မြဘင်ငါးရှုံ၊ ဧပြီ၊ ၁၉၉၁။



## လက်မခံ၍ ပြန်ခဲ့ဖူးသူ

(မလေးလုံသို့)

လက်မခံ၍၊ ပြန်ခဲ့ဖူးပြီ
ရွှေပြည်တံခါး
ပိတ်ထားသဖြင့်
ပြန်ခွင့်ဆုံဆည်း၊ ခရီးနောက်ပြန်။

ပြန်ရောက်ရာဝယ်
လိပ်ပြာအတောင်ခတ်၊ ဖျပ်ဖျပ်လှိုက်ခုန်
ရင်အုံပြောင်းဆန်၊ လူးပျံ့ရာမှ
တစ်စစနှင့်
ရင်ဝတစ်ခို၊ ဖားဖိုငြိမ်ညက်
ရှုသက်မျှင်းမျှင်း၊ ပြေလျော့ခြင်း၌။

ပြေလျော့ခြင်း၌
နှစ်မြိုက်အိပ်မွေ့၊ ခွန်အားတွေ့ကာ
တစ်နေ့တစ်ဘဝ၊ နေဆက်ရပြန်
လောကအလယ်၊ တွယ်ယုံသည်များ
စွဲပိုက်ထားလျက်၊ တတ်အားသမျှ

www.burmeseclassic.com

www.burmeseclassic.com



စိတ်အလှနှင့်၊ ဘဝကြည်ပျော်
ခရစ်တော်ဆုံးမ၊ မြတ်ဓမ္မဝယ်
ငြိမ်းမြနိုင်မှုး၊ အနေအေးသူ။
တစ်ဖက်သားကို၊ စာထားနားလည်
ကြည်ယုံကူမ၊ နှလုံးလှခဲ့
နွမ်းလျခန္ဓာ၊ ယဲ့ယဲ့သာလည်း
ငဲ့ညှာမနား၊ ခွန်အားတင်းစု
လူမှုအရေး၊ အလေးပေးသူ။

စာပေစေတနာ၊ စာပေသစ္စာ၊ စာပေသိက္ခာ
ဦးရွက်ကာလျှင်
မြန်မာစာပေ၊ ဥယျာဉ်ဝေ့ဝဲ
တင့်ဝေလန်းဆန်း၊ ပန်းကောင်းဖြူဖွေး
လုံမလေးကို
ဖွားမွေးစင်သန့်၊ တည်တန့်စေသူ။



မီးစာနှစ်ဖက်၊ လောင်ဆက်အပြိုင်
ဖယောင်းတိုင်ကား၊ ညမလွှားသာ
ခုများတစ်ဖန်၊ စိတ်ပြောင်းပြန်ကာ
လက်ခံပြီထင့်၊ မမျှော်လင့်ဘဲ
ခေါ်ဆင့်သည်နောက်၊ ကောက်ကောက်လိုက်ပါ
ခန္ဓာရုပ်ကလာပ်၊ လန်းဆတ်ရွှန်းကြည်
အိပ်နေသည်မျိုး၊ ထင်တမိုးနှင့်
နိုးလည်းမရ၊ တလည်းမကြား
အပြီးတိုင်သွားပြီ
သားချင်းတစ်မိမွေး၊ ပူမအေးလည်း
'ခင်လေး' မငဲ့သာပြီထင့်။ ၎

*လုံမလေး၊ ဧပြီလ၊ ၁၉၉၁*

www.burmeseclassic.com

www.burmeseclassic.com



## မြေတောင်မြှောက်ခြင်း

ပန်းတစ်ပင်ကို
ပေါင်းသင်ရေဖြန်း
ကူလက်ကမ်းသော်
ပန်းကောင်းဖူးပွင့်ဝေနိုင်၏။

သစ်တစ်ပင်ကို
မြူမြင်အားပေး
မြေဆွေးကျွေးသော်
ဖွံ့လေးသီးမျိုး အောင်နိုင်၏။

ဝံပုလွေကိုလက်ကမ်း
ကျားသောင်းကျန်းကို အစာကျွေး
မြေခွေးကို ကျင်းမှဆယ်သော်. . . . .
ဆယ်သော်. . . . .
ဆယ်သော်. . . . .။ ။

ရှမဝ၊ မတ်လ၊ ၁၉၉၁။



## ကွက်လပ်ဖြည့်ပါ

ဘဝဟူသည်. . . နာမည်ပါးစပ်ဖျား
ကျော်ကြားယုံမျှလုပ်ပါ့မလား
လူသားတန်ဘိုး မြင့်တိုးစေဗျာ
ကြောင်းခြင်းရာကား၊ နာမည်မဟုတ်
အလုပ်. . . အလုပ်၊ ခါးချိုးသောအလုပ်။ ။

အတုအယောင်၊ အောင်မြင်မှုဖြင့်
ကြွားဝင့်မြူးကြော့ နာခေါင်းမော့လည်း
တကုယ်တော့တစ်ခဏ၊ ဘာမျှမဟုတ်
လက်ခုပ်သံစဲ ကားလိပ်ဆွဲလျှင်
လက်ထဲထိမိ ဘာကျန်ရှိမလဲ။ ။

မျက်စိဖွင့်ကာ မျက်နှာကိုသစ်
အဖြစ်ရှိရှိ ကွက်လပ်ဖြည့်စို့
အသိဦးပန် တာဝန်ကိုဆောင်
အောင်မြင်ခြင်း ပျက်စီးခြင်း
ကြီးမြင့်ခြင်း သိမ်ငယ်ခြင်း
ပျက်ရယ်ပြုခြင်း ချီးမွမ်းခြင်း
ဘယ်သင်းမှမမူ
အံ့တုဝံ့ရဲ အာဂဇွဲဖြင့်
ရှင်မြဲရှင်လျက် ရှင်သန်စေ။ ။

ပန်းကျောင်း၊ ၁၉၉၁

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့်ဆရာများ

စကားဟောင်းမှာ
နာကြားကာလျှင်
နှုတ်လျှာသိုသိပ်တတ်လာ၏။

နှိပ်စက်ရန်မူ
ကြမ်းကြုတ်သူကြောင့်
ဖေးကူကြင်နာတတ်လာ၏။

ကောက်ကျစ်လှည့်ဖျား
သူမှုသားကြောင့်
ရိုးသားဖြူစင်တတ်လာ၏။

ဒေါ်အမျက်တင်း
သူခံပြင်းသော်
ပျော့ညင်းသီးခံတတ်လာ၏။

ကောင်းရာကောင်းလတ်
အတတ်ပေးဝေ
ဆရာတွေ၏
အထွေအထူး
ဂုဏ်ကျေးဇူးကို
ညွတ်နူးပူဇော်ပါသတည်း။ ။

*ကလျာ၊ ဒီဇင်ဘာ၊ ၁၉၈၉*



# ငေးနေပေတော့

ချက်ကို မချိတ်
သော့မနှိပ်
ပိတ်၍မထား - ထိုတံခါး။

ဝင်လိုသူကို
မငြင်ပြို
ကြိုဆိုလျက်သား - ထိုတံခါး။

ချက်ချင်းသွား၍ တံခါးဖွင့်ရန်
အကြံလည်းပီ အခွင့်ကြည်လည်း
ချီတုံ ချတုံ နေ့ကုန် ညရွှေ့
လက်တွေ့မမြောက် မလျှောက်မလှမ်း
စခန်းမဆိုက် မျဉ်းငိုက်ငုတ်တုတ်
အိပ်မူးရုပ်နှင့် မှုတ်ဆိတ်များဖြူ
ပင့်ကူအိမ်တွေး ချိန်ဖင့်လေးပြီ
ငေးနေပေတော့ ကိုယ့်လူရေ။ ။

*ပေဖူးလွှာ၊ ဒီဇင်ဘာ၊ ၁၉၈၈*

www.burmeseclassic.com

www.burmeseclassic.com







# ငါယုံကြည်၏

နေပူစပ်ခါး
အသားခြစ်လောင်၊ လွင်ထီးခေါင်လည်း
တစ်တောင်တစ်စို၊ မြောင်တစ်လျှိုနှင့်
လေချိုချွေးသိပ်၊ အရိပ်ရှိမည်
ငါယုံကြည်၏။

ခရီးခက်ကြမ်း
ခွေနွမ်းရေငတ်၊ အင်အားပြတ်လည်း
မွန်းကြပ်ခရီး၊ တစ်ထောက်ပြီးသော်
စိမ့်စီးကြည်ဘိ၊ စမ်းရေရှိမည်
ငါယုံကြည်၏။

ညည်းသံမဆိတ်
အနိဋ္ဌာရုံ၊ နားယံဟုန်လည်း
လူ့ဘုံတစ်နေရာ၊ တစ်ချိန်ခါမှာ
သာယာသုတိ၊ သီချင်းရှိမည်
ငါယုံကြည်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်တောဝယ်
ယောင်မောခွေခွဲ၊ ခွန်အားမဲ့လည်း
တို့ရဲ့ကမ္ဘာ၊ တစ်နေ့ရာမှာ
ထိန်ဖြာထွန်းညို၊ အလင်းရှိမည်
ငါယုံကြည်၏။ ။

ရှမဝ၊ ၁၉၁၈



# အခန်း၀မှာ

မရှိတံခါး
ပိတ်ထား၍ပြီထင်
သူ့အမြင်နဲ့
ရှိုက်ငင်ဆိုညည်း ငိုသတဲ့။

တံခါးမရှိ
အမှားသိတော့
ပိတ်ဖော၀င်
မိုးမမြင်အောင်
သည်း ရင်လှိုက်မောရယ်သတဲ့။

ရယ်နေပြုံးနေ
မိန်းမူးနေပြီး
ရွှေခြေမလှမ်း
စခန်းမစ
အခန်း၀မှာ
မှန်းဆတွဲ့ရင်း အိုသတဲ့။

ရှမဝ၊ ၁၉၈၈

www.burmeseclassic.com

www.burmeseclassic.com



# ချယ်ရီပွင့်သောနံနက်ခင်း

နံနက်လင်းစ၊ နှင်းမြူမြူ၌
ခန်းဝမှလျှင်၊ မြော်ရှုမြင်မိ
ပင်ချယ်ရီဦး၊ ငုံအဖူးတို့
လေရူးခုန်လှုပ်၊ နှုတ်ဆက်နမ်း၍
လှုပ်ရမ်းလေဝယ် တသိမ့်သိမ့်။

လေကိုအတွေ့
ပျော်မွေ့လန်းကြွ ချုပ်လွှာဟ၍
အလှကြွယ်ကြွယ်၊ ပွင့်မျိုးထယ်ကြ
ချယ်ရီဖူးငုံ၊ ပွင့်လန်းကုန်အောင်
ဘယ်ပုံလေရူး ဆောင်ချေဘိ။

ငါသိပါသည်
တစ်ရွာတစ်ကမ်း၊ သူ့ငယ်ကျွမ်းမှ
ချစ်လွမ်းပလီ၊ သယ်ခဲ့သည်ကြောင့်
ချစ်ရီလှုပ်ရှား၊ စိတ်ကစားကာ
ပွင့်များ ပင်လုံးဝေခဲ့၏။



ဩော် - ချစ်သူစကား၊ သင်ဆောင်သွား၍
ပျော်ပါးသဖြင့်၊ ချယ်ရီပွင့်ခဲ့
လွမ်းရင့်ရက်ကြာ၊ ငါ့တွက်တာမူ
ဘယ်ခါမှများ၊ ဝေးမြေခြားမှ
စကားချိုသာ၊ ချစ်ခွန်းလွှာကို
ဆောင်လာမည်နည်း သင်လေရူး။

၁၉၆၃

* ဥဇဘတ် ကဗျာတစ်ပုဒ်ကို မှီးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# မြစ်ဖျား

www.burmeseclassic.com

www.burmeseclassic.com



# ရေကြည်စမ်း နှစ်သွယ်

ဘ၀တောင်ညို၊ ချက်ဗဟိုက
ဇာတ်ကိုစတင်၊ ခရီးနှင်ကာ
တောင်စဉ်ခုနစ်ထပ်၊ ရစ်ပတ်ကွေ့စီး
ရောက်လာပြီးတော့
သန့်လည်းသန့်စင်၊ စမ်းနှစ်လျှဉ်ရယ်
ဘ၀င်စိတ်ဖန်၊ 'အိပ်မက်ကန်' သို့
မြူးပျံ့ကြွကြွ၊ ၀င်ကြတယ်။ ။

စမ်းနှစ်သွယ်ကား
တင့်တယ်ရွှန်းမြ၊ လှလဲလှရဲ့
တက်ကြွလှုပ်ရှား၊ ကြွားလဲကြွားရဲ့
ခဲ့ညားဂုဏ်သိန်၊ ငြိမ်လဲငြိမ်ရဲ့
အရှိန်သော့သော့၊ ကြော့ကြော့ကလေး
စီးလို့ပြေးကြ
စိတ်အေးချမ်းဘို့ကောင်းလှတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝလမ်း၊ ခရီးကြမ်းမှာ
မောနွမ်းမရှင်၊ အားအင်သုဉ်းပြယ်
စိတ်ဝမ်းငယ်က
နှစ်သွယ်စမ်းမှ၊ ရေစင်မြကို
သောက်ရတော့လျှင်၊ ကြည်လန်းရွှင်ပြီး
အားအင်ဖြိုးမောက်ခဲ့ရတယ်။ ။

ဘဝမြေမှာ
သစ္စာသွေရိုင်း၊ မေတ္တာဆိုင်း၍
မုန်တိုင်းခက်ကြမ်း၊ မွှေ့သရမ်းက
ဤစမ်းနှစ်မြွာ၊ မြင်ရှုကာလျှင်
မေတ္တာသရုပ်၊ မှန်အဟုတ်ကို
ကျွန်ုပ်တွေ့အောင်ရှာရတယ်။ ။

ကိုယ့်ရင်ထဲဝယ်
ကြေကွဲလောင်ကျွမ်း၊ မြေ့မြေ့နွမ်းလို့
လွမ်းတငိုငို၊ ပူပြီဆိုလဲ
ရေညိုညိုသမ်း၊ နှစ်သွယ်စမ်းမှာ
စိတ်ဝမ်းချမ်းအောင်ဖြေရတယ်။ ။



မလှမပ
ဘဝရဲ့လမ်း၊ အမှောင်လွှမ်းလို့
မြော်မှန်းချက်တွေ၊ ပျက်လွင့်လေလဲ
ရေကြည်ပြည့်ဝင်း၊ စမ်းအတွင်းမှ
အလင်းရောင်ကို ရပြန်တယ်။ ။

ကိုယ့်ဘဝမှာ
တောက်ပခြယ်လှယ်၊ စမ်းနှစ်သွယ်ကား
အကယ်ထင်ပြက်၊ ကိုယ့်ချစ်သက်၏
မျက်ရွဲအစုံ၊ မည်လေတုံ၏
ခုံမင်စဖွယ်
ဖြူးကျယ်ဝိုင်းစက်၊ ညက်လဲညက်ရဲ့
ထက်မြက်ဝင်းစို့၊ ညို့လဲညို့ရဲ့
ကြယ်သို့ဖြိုးပြက်၊ လက်လဲ လက်ရဲ့
မဲနက်တင့်ကြူး၊ မြူးလဲမြူးရဲ့
ထူးခြားသိမ်မွေ့၊ ရွှန်းရွှန်းဝေ့လို့
မြင်တွေ့လေတိုင်း မောရတယ်။ ။

ရှုမဝ၊ ၁၉၅၉

www.burmeseclassic.com

www.burmeseclassic.com



## လမိုက်ညများ

စန်းလပျောက်ကွယ်
ငွေကြယ်ခြောက်ခြား
ညမိုက်များသည်
ရှည်လျားတက်ကြသည်တကား။ ။

၁၉၅၈



## မြစပယ်ရုံ

အုပ်ဆိုင်းဆိုင်းလျှင်
အကိုင်းယှက်ယှက်၊ အရွက်မြိုင်မြိုင်
အခိုင်ညွှတ်ညွှတ်၊ မြရည်လတ်၍
ဆွတ်ဆွတ်ဖြူစင်၊ ငွေပွင့်ဆင်ကာ
ဝန်းကျင်အနံ့၊ ကြိုင်ရနံ့ကို
ဝေဖြန့်လေသော စပယ်ရုံသင်။

မကြာသေး၍
နွေးထွေးရင်မှာ၊ အောက်မေ့စရာပင်
မိုးပြာလွှလွှ၊ တိမ်ဖြူဆွနှင့်
စန်းလရောင်နွယ်၊ သစ်သစ်ခြယ်သည့်
ငွေကြယ်မြူးရာ၊ ညများစွာတွင်
ချိန်းကာတိတ်တဆိတ်၊ သင့်အရိပ်သို့
ချစ်စိတ်နှင့်တင်း၊ စွန့်စားခြင်းဖြင့်
ခြေနင်းဖွကာ၊ နှမလာလျှင်
မောင့်မှာရွှင်မြူး၊ စပယ်ဖူးကို
ချွေခူးသီလျက်၊ မေ့ဆံထက်မှာ
ပန်ဆက်ယုယ၊ အချစ်ပြသော်
နှမလန်းရွှင်၊ အပြုံးဆင်ပုံ
အသင်မှတ်မိ ဦးမည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ကိုယ်
ပြုံးချို့ရွှန်းကြည်၊ တွေ့ကြသည်ကား
ကြာရှည်ခဏ၊ တဒင်္ဂတည့်
မိုးဝတူရှု၊ ရောင်နီပြုလျှင်
ချစ်သူရင်မှ၊ လူးလဲထကာ
နှမကလျာ၊ ပြန်ရရှာ၏။
ကေသာမှကြွေ၊ စပယ်ခွေသာ
မြေမှာကြွေကာနွမ်းရစ်တကား။

ဩော်- ယခုဆိုလျှင်
သင်စပယ်ရုံ၊ ချစ်သူ့ဘုံလည်း
ငွေငုံမတင့်၊ ငွေပွင့်မဝေ
ပြောင်းလဲချေပြီ
မသွေတမ်းကို၊ ချစ်မည်ဆိုသည့်
ထိုသူနှစ်ယောက်၊ မရောက်မလာ
ပျောက်သည်မှာလည်း
ကြာတောင်းကြာနေ၊ ကြာမောချေပြီ
သင့်မြေမှာကျွမ်း၊ ချစ်ဇာတ်လမ်းသည်
အလွမ်းနိဂုံး၊ ဘယ့်တွက်ဆုံးရ
မဖုံးမချန်၊ အကြောင်းမှန်ကို
ဖွင့်အန်ပြောလှည့် စပယ်ရုံ။

ရှုမဝ၊ ၁၉၅၈



# ချီကာဂို – မေ(၁)၊ ၁၈၈၆

သော့ခတ်ထားသည့်
တံခါးသံရှက်၊ ချိုးဖွင့်ဖျက်၍
စက်ရုံမှခွါ၊ သွန်ထွက်လာပြီး
သန်မာသောလက်၊ ခိုင်ခိုင်ဆက်ကာ
တက်ကြွစည်းလုံး၊ တပ်ချီရုံးကြ
မဆုံးနိုင်အောင်များလှ၏။ ။

"တစ်နေ့လုပ်တာ၊ ရှစ်နာရီပေး"
ကြွေးကြော်သံများ၊ ဆူညံသွား၏
မြေသားတုန်ဟည်း၊ မိုးကြိုးကွဲမျှ
ဆန္ဒပြသည်. . . . .
လောကပွက်ပွက်ဖန်တကား။ ။

လုပ်ချိန်-လုပ်ခ၊ မမျှတ၍
အုံကြွတခဲနက်၊ တောင်းဆိုချက်ကို
လက်နက်များဖြင့်၊ အဖြေဆင့်ခဲ့
နီရင့်မှိုင်းမှိုင်း၊ သွေးမြေသိုင်းသည်
သမိုင်းပြောင်သော မေတစ်ရက်။ ။

မြဝတီ၊ ၁၉၅၇

www.burmeseclassic.com

www.burmeseclassic.com


## စကားပြောသောမျက်လုံးများ

ရောဂါကုသ၊ ထုံးသိပ္ပံ၌
ဒိုးမျှမွေနှောက်၊ ထူးချွန်မြောက်၍
အံ့လောက်စချင့်၊ ကျော်စောတင့်သား
အိုရှင့် - ချစ်သောဒေါက်တာရယ်။

လူနာတစ်ယောက်၊ ရှင့်ရှေ့မှောက်သို့
ရောက်လာဆိုဘိ၊ သူ့မျက်စိကို
မြင်မိသည်မျှ၊ တစ်ခဏ၌
တွင်းပရောဂါ၊ ခြင်းစုံရာအား
စိတ်ဖြာတွေးထောက်၊ သေချာပေါက်လျှင်
သိမြောက်ချေသည်မဟုတ်လော။

အောက်မျက်ခွံကို
လှန်ကာအကြည့်၊ သွေးမရှိဘဲ
ဖြူရိုနွမ်းရော်၊ မြင်တွေ့သော်ကား
ငေးမျှော်ဖင့်လေး၊ ထင့်မတွေးရ
သွေးအားနည်းကြောင်းရှင်သိသည်။

အထက်မျက်စ၊ တစ်ဖန်မရှု၍
ကျနသေချာ၊ စစ်ဆေးရာလည်း
မျက်လွှာနုတွင်၊ ဝါသွေးမြင်က
ဆင်ခြင်မှောက်မှား၊ ထွေမပြားဘဲ
အသားဝါကို ရှင်သိသည်။

မျက်လုံးအလယ်
သူငယ်အိမ်နက်၊ ပြူးကျယ်ချက်နှင့်
ကျဉ်းချက်အဝဝ၊ တွေးထောက်ဆ၍
များလှပေတောင်း၊ ရောဂါပေါင်း၏
ဆိုးကောင်းခြေနေ ရှင်သိသည်။

အံ့ချီးစဖွယ်
အော့သယ်မိုစကုတ်၊ ကိရိယာထုတ်၍
သေးနုပ်လှသော၊ မျက်သွေးကြောကို
စစ်ကြောကုတ်ကြိုး၊ ကြည့်ရှုံမျိုးနှင့်
သွေးတိုးရောဂါ ရှင်သိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုရှင့်ဒေါက်တာ
ပညာတတ်ကျွမ်း၊ ရှင့်အစွမ်းကို
လှောင်သွမ်းသောအင်၊ မဆိုချင်ပါ
သို့လျှင်တစေ၊ နားဆင်ပေဦး
ဝေဝေကြူးတင့်၊ ကြယ်နှစ်ပွင့်သို့
သခင့်ရှေ့တော်၊ ချစ်ရေးမျှော်သည့်
ဖိတ်ခေါ်ခင်မင်၊ ညှို့မျက်ရှင်ကို
မမြင်မိမော၊ ကြောင်သလော
မကြင်သည့်သဘော၊ ရှောင်သလော
ပြောပါကျွန်မ ဆိုချင်သည်။ ။

ရှုမဝ၊ ၁၉၅၇



# ရင်ခွဲရုံမှ ကဗျာ


ဩော် - မြင်မမြင်ရက်၊ ပြောရခက်ဘိ
အသက်နှစ်ဆယ်၊ အရွယ်နုမျစ်
ဖူးစသစ်တည့်
ဒေဝစ္ဆရာ၊ ဆိုကောင်းစွာသား
မြင်လျာဖွံ့ထွား၊ လှတစ်ပါးကို
ကြွေသားသွန်းထုံ၊ ရင်ခွဲခုံဝယ်
မြိုလွှာမရှိ၊ ပြကတိလျှင်
အမိမွေးတိုင်းမြင်ရ၏။ ။

ကုမုဒ်ကြာနှယ်
မျက်နှာရွှေစင်၊ ယဉ်လွန်းယဉ်ရှင့်
ဆံမျှင်ပြေပွ၊ ဖားလျားကျကာ
ဖြူလွစိုစို၊ ရွှေရင်မို့ဝယ်
ခွေယို့ဝန်းရှယ်၊ တင့်စမှာယ်၏
ပန်းနှယ်ရှန့်ရှန့်၊ နှုတ်ခမ်းတွန့်မူ
သွေးလွန့်မသီ၊ လန်းမကြည်တော့
နီရိပ်မပြေး၊ ပြာမှေးမှေးလျှင်
ရေးရေးဖြော့ဖြော့သာတကား။ ။

www.burmeseclassic.com

www.burmeseclassic.com







ဆေးရုံမှတ်ချက်
ဆိုထွက်သည်မှာ. . . "ဤလူနာသည်
ဘာဘီကျူရိပ်၊ အဆိပ်လွန်၍
မျောမေ့ပြီးလတ်၊ သက်ခ်င်ပြတ်၏"
ရတက်ခဲစွ၊ လူ့ဘဝကို
ရွေးမျှမမင်၊ စွန့်လွှတ်ချင်အောင်
ဘယ်လျှင်ဖြစ်ဆိုး၊ မွေပါလိမ့်။ ။

ခဏာတွင်းပင်
ရင်မှတောက်လျှောက်၊ ဗိုက်ထိဖောက်ကာ
ဖြတ်တောက်ပိုင်းဆွ၊ ခွဲစိတ်ကြ၏
အလှရုပ်သွင်၊ မျက်နှာပြင်လည်း
သွေးစင်စွန်းပေ၊ လှမဝေတော့
အူခွေအူမ၊ ခွဲကြည့်ကြ၏

အသည်းကိုထုတ်၊ နှလုံးဖြုတ်၍
အဆုပ်ကိုများ၊ စစ်မအားကြ
သားအိမ်ကိုဖွေ ဖွင့်ကြည့်လေသော်
သန္ဓေနုထွား၊ သုံးလသားကို
ထင်ရှားတွေ့ကြလေသတည်း။ ။

ရှုမဝ၊ ၁၉၅၆

www.burmeseclassic.com

www.burmeseclassic.com



# မုတ်သုန်တစ်ရက်အိပ်မက်သံသရာ

လှ. . . လှလိုက်လေ
မိုးဖြိုက်ဖျန်းမှ၊ အားယူထကာ
ဖွေးလွှပွင့်ဝတ်၊ အုံလုံးညွတ်သည်
ဖြူဆွတ်စပယ်လှိုင်သောနေ့။ ။

ငွေပွင့်ရုံမှ
ထုံတပျံ့ပျံ့၊ ခြံလုံးနှံ့မျှ
ရနံ့ကျေညာ၊ သင်းသောခါ၌
ရောင်ဝါဝင့်ထည်၊ ပိတုန်းငယ်သည်
စံပယ်ဆွတ်ဖွေး၊ တစ်ပွင့်ရွေး၍
ကြူမွေးနမ်းရှိုက်နေလေသည်။ ။

ကြင်တမက်မက်၊ ကြပ်ကြပ်ဖက်၍
နမ်းလျက်နေခိုက်
ဝေ့လိုက်သောလေ၊ ညင်းပြေပြေတွင်
ငွေစပယ်ပွင့်၊ ပိတုန်းနှင့်တူ
ကြွေလွင့်မြေဝယ်၊ ထွေးထွေးတည်း။ ။



ပြောရဦးမည်
ထူးလည်းထူးစွ၊ တိုက်ဆိုင်လှ၏
ထိုညမှာပင်၊ ကိုယ့် 'သခင်' ကို
တွေ့မြင်အိပ်မက် မက်သတည်း။ ။

အိပ်မက်ထဲတွင်
ခင်မင်မှုဖုံး၊ သူမျက်လုံးက
လှဆုံးကြယ်ထက်၊ ကဲ ပိုလက်၍
သွက်လက်ကြော့ပျံ၊ ရယ်သွမ်းသံက
ကျောက်ခံစမ်းနှယ်၊ ချိုတေးကြွယ်ခဲ့။ ။

ပြုံးနှုမှည့်ရွှမ်း သူ့နှုတ်ခမ်းမှ
စိုရွှမ်းသန္တာ၊ လှသွေးဖြာ၏။ ။

ခုံမင်စွာပင်
သန္တာရှဲ့ငုံ၊ နှုတ်အစုံကို
တွေ့ဆုံငမ်းငမ်း၊ တင်းတင်းနမ်းမိ
ချစ်ကမ်းယံဦး၊ မျဉ်းမျဉ်းမူးစဉ်
စိတ်ကူးအိပ်မက်၊ သောက်နံနက်မှာ
လွင့်ပျက်ပြယ်ရ လေသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



ကြာပဒုံလျှင်
ယမုန်လှိုင်းရိပ်၊ ချော့ယူသိပ်မှ
ရွှန်းဖိတ်လန်းပြုံး သော့အတူတည့်
ချစ်သူမျက်လုံး၊ သောက်ရောင်ရွှန်းနှင့်
ပြုံးမြမြချို၊ ဆုံရဆိုလျှင်
စိတ်လိုငြိမ်းပြေ၊ အားသစ်ဝေခဲ့
သို့ပေတာမင့်၊ တွေ့ဆုံခွင့်ကား
ကြာလင့်သော်မှ၊ တဒင်္ဂသာ
နောက်ကျခွဲခွာရပြန်သည်။ ။

* * *

ဩော်. . . အချစ်ဟူဘိ၊ စပယ်၏တူ
လေထိချွေကာ၊ ကြွေနွမ်းရ၍
သင်းမြမြနံ့၊ ထုံရနံ့သာ
ကြိုင်ပျံ့ဝေဝေ၊ ကျန်လေသလော
သဘောတစ်ထောက်၊ မိုးအသောက်တွင်
လွင့်ပျောက်သုန်းပြယ်၊ အိပ်မက်နှယ်လော
မိန်းမောမောနှင့်. . .
တွေးတောနေမိသည်တကား။ ။

ရှမဝ၊ ၁၉၅၆



# လက်ဝါးကပ်တိုင်များသို့

မြေလည်းစိုထန်း၊ လေလည်းဖြန်း၍
နွယ်ပန်းဆူးခက်၊ ချုံချင်းယှက်သည့်
ပေါင်းမြက်သိပ်သိပ်၊ ကုန်းမြောင်ရိပ်၌
စိပ်စိပ်မတ်မတ်၊ ချပ်ချပ်လျှလျှ
တည်နေကြရှင့်
စစ်ကမျိုဝါး၊ အသက်များ၏
ကျန်ထားသက်သေကမ္ပည်းတို့။ ။

သိစေချင်သည်
အဆင်ညစ်ထေး၊ ညှိုးညေးညေးနှင့်
မှို့ပွေးမှော်ခက်၊ ဖားညှိတက်သည့်
လက်ဝါးကပ်တိုင်များ၊ သင်တို့ကြားလော့
အသားနှင့်ဖက်၊ သွေးနှင့်စက်ကာ
ဒဏ်ချက်ကြေပွန်း၊ ခံရလွန်း၍
တစ်ခွန်းစကား၊ စစ်သံကြားက
ခါးသီးမဆုံး၊ သင်တို့မုန်းလိမ့်။ ။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ယခင်ကို
လှည့်ငင်ခေါ်တွေး၊ ထင်ရေးရေးတည့်
ရင်သွေးနှင့်မိ၊ ချစ်သည့်မယား
တူသားနောင်မယ်၊ မေတ္တာလယ်မှ
တွန်းဖယ်ချန်လှဲ၊ စစ်ကခဲ့ပြီး
နီရဲစေးနောက်၊ သွေးချောင်းပေါက်ခဲ့
မြင့်မောက်ရိုးပုံ၊ တောင်သို့ပြုခဲ့
ရဂုံဘွေချာ၊ ဤနေရာဝယ်
ညီညာစို့စို့၊ နုံးမို့မို့နှင့်
သင်တို့ပေါ်ခဲ့သည်တကား။ ၊

အာဏာဖက်သည့်
လက်တစ်ဆုပ်စား၊ ငမိုက်သားတို့
တရားကင်းလစ်၊ မောဟထပ်၍
ရှုးသွပ်ကြံဖျီး၊ အိပ်မက်ဆိုးဝယ်
အကျိုးမဲ့သီး၊ အချည်းနှီးလျှင်
မြုန်းတီးပျက်ကြေ၊ သက်များလေရ
ဆိုးမွေတစ်ချက်၊ ဒဏ်အပျက်မှ



အက်ကြောင်းသွင်သွင်၊ မစေ့ချင်သေး
မိုးပြင်တစ်ဝိုက်၊ တိမ်မှောင်ဆိုက်ကာ
ရွှေတိုက်မှိုင်းဆင်၊ လွှမ်းလုခင်တည့်
စစ်လျှင်ဟိန်းဟောက်၊ တစ်ဖန်ချောက်ခဲ့
ကွဲပေါက်လုလုပေတကား။
ညစ်ဖွယ်ဖွယ်လျှင်
ဆူးနွယ်ပွေးဖက်၊ ညှိညက်ညက်နှင့်
လက်ဝါးကပ်တိုင်တို့၊ နားထောင်ယို့လော့
သင်တို့နေရာ၊ ဤမြေချာဝယ်
ထူလှာမတ်မတ်၊ ကြက်ခြေခတ်တို့
နောက်ထပ်သောင်းသောင်း၊ မပွားကြောင်းတွက်
စုပေါင်းဖီဆန်၊ တို့ခုခံအုံ
နဘံမှုန်သိပ်၊ တိမ်မှောင်ပိတ်ကာ
အေးရိပ်မပြိုကွဲစေဘူး. . .။ ၊

မြဝတီ၊ ၁၉၇၇

www.burmeseclassic.com

www.burmeseclassic.com





# မိုးနဲ့ကရမယ်

ခုန်တဆွေ့သာပေါ့
တုန်ဝေ့ကာ ကြွေ့..ကြွေ့..ကြွေ့..လို့
ကိုယ့်အရေ ကိုယ့်အသားကိုတဲ့
ကျိုစားဟန်ရိုက်ပျံ့ပက်ကာပ
မိုးစက်တို့ ကကြတယ်။

ခိုက်ခိုက်မမွန်းခင်တော့
ငဲ့စမ်းမယ်မရွှယ်ဘု
မိုးရေလယ် သွေးပြယ်လုကာမှ
'မောင့်ကိုကွယ် ထွေးဆယ်ယုမယ်' တဲ့
သူ့ကွန့်ချက်ကျယ်။

'တီတ်စမ်း မောင်လာမထော့ပါနဲ့
မိုးမွှေ့သူ့ စပယ်ဖူးတွေနဲ့
ညွတ်နူးအောင် မောင့်ကိုထားဟယ်' လို့
မင့်စကားခရာကြွယ်
တာမယ့်လာ့ အပလီတုံး။


ချစ်ယွင်းပါလျှင်
ချက်ချင်းကြည်သာ ကြည်တော့
ပြင်ပြင်တမင်ဆိတ်ပါလို့
အိပ်မက်ပွေ့ဂယက်စိုင်းမယ်ပေါ့
အပြုံးပြုံးဖွာရရာ ဖွေးပျံ့တဲ့အလှတွေနဲ့
'ရိုင်းကြမ္မာ' တေးသံအကြွမှာ
(ကိုယ်တော့လေ) ကရလိမ့်ဦး။

မြဝတီ၊ ၁၉၅၅

www.burmeseclassic.com

www.burmeseclassic.com







# ဒင်ဘင်ဖူးဘွဲ့မော်ကွန်း

ကြူးလော့လူပိုလ်၊ ဥဒါန်းဆိုပိမ့်
အင်ဒို့ချိုင်းနား၊ ပြည်တစ်လွှားမှ
ထစ်ကြွားမြည်ချုန်း၊ အုန်းအုန်းကြွက်ကြွက်
လိုမ့်တက်လွှမ်းမိုး၊ လှိုင်းတိုးဒီသွင်
အုတ်အော်ဆင်သည်
ဒင်ဘင်ဖူးစစ်အောင်ပွဲတည်း။ ။

ဒင်ဘင်ဖူးဟု
ဆိုပြုခေါ်မှတ်၊ ယင်းခံတပ်ကား
ဒီကတ်(စ်)ထရီး၊ ကွပ်စီးအုပ်ကြပ်
ပြင်သစ်တပ်၏
တည်ရပ်နိုင်မာ၊ ချက်အချာတည့်
မြောင်းတာကတုတ်၊ တည်လုပ်များဖျင်
လေယာဉ်ပျံကွင်း၊ ဆောက်မချင်းတည့်
အရင်းမှထွန်း၊ စွန်းထွက်အမြတ်
ခူးဖြတ်စုပ်မျို
ကိုလိုနီစစ်၊ စွန်းအညစ်၏
ကိုးလုစ်နောက်ဆုံးအားထားချက်။ ။

www.burmeseclassic.com

www.burmeseclassic.com



ပိုးပုရွက်ဆိတ်
ပြွတ်သိပ်ညို့ညို့၊ စို့စို့ရွရွ
ဖြုဖြုများပြား၊ စွမ်းခေါင်များလျှင်
လှုပ်ရှားပတ်ဝန်း၊ ပြုံဘနန်းတည့်။ ။

'ဆူးသွမ်းသံခွာ၊ ဖယ်ရှားပါလော့'
'ကွန်ခြာနှောင်ပတ်၊ ယခုဖြတ်လော့'
'လွတ်လပ်ငြိမ်းရေး၊ အမြန်ပေးလော့'
ယုံတွေးချက်ထား၊ မှန်တရားတွက်
ပြည်သားတို့၏ တွန်းလှန်စစ်။ ။

ယုံကြည်ချက်နှင့်
လက်နက်ကိုင်ဆွဲ၊ အောင်ပွဲရည်မှတ်
ဝိုင်းအထပ်ထပ်တည့်၊ ရှုပ်ရှုပ်အုံ့လှိုင်း
သန်ကြိုင်းအားမောက်၊ ပြောင်မုန်သောက်လို့
တောက်လျှောက်တိုးဝှေ့၊ တရွေ့ရွေ့လျှင်
ရွေ့သို့ချီတက်သိမ်းပိုက်ကြ။ ။

ဒင်ဘင်ဖူးတဲ့
နယ်ချဲ့ဟော့ရမ်း၊ ခံစခန်းကား
ဝေါလမ်းစွန်မှ၊ သွန်ချစွန့်ကြ



သောက်သောက်လဲသားလက်နက်များနှင့်
လူသားဒီလှိုင်း၊ ပတ်ပတ်ဝိုင်းကို
တန့်ဆိုင်းနိုင်ရန်၊ ကြံကြီးကြံကြ
ယာဉ်ပျံရစ်ဝဲ၊ ဗုံးမိုးကြဲကြ
အားခဲတစ်မာန်၊ သင်းတို့ခံကြ
ကျွန်ပြည်ကလေး၊ မလောက်လေးဟု
ထင်သေးတစ်ပိုင်း၊ လာမရှိုင်းနှင့်
ဝိုင်းရက်တာရှည်၊ 'ငါးခွန်' လည်သော်
ဆည်ထက်ဖြိုးရေ၊ ကျိုးပေါက်လေဘို့
နေရာတိုင်းမှ၊ စီးဝင်ကြပြီး
ဖြုဖြုအုတ်အုံ၊ အောင်ပွဲခံသည်
အောင်လံလူလူ နိုတကား။ ။

ကြားလော့လူဗိုလ်၊ ဥဒါန်းဆိုပိမ့်
အင်ဒိုချိုင်းနား၊ ပြည်တစ်လွှားမှ
ထစ်ကြွားမြည်ချုန်း၊ အုန်းအုန်းကြွက်ကြွက်
လိုမ့်တက်လွှမ်းမိုး၊ လှိုင်းတိုးဒီသွင်
အုတ်အော်ဆင်သည်
ဒင်ဘင်ဖူးစစ် အောင်ပွဲကည်း။ ။

မြဝတီ၊ ၁၉၅[illegible]

www.burmeseclassic.com

www.burmeseclassic.com



# စောင့်သူသို့

ခွင့်လွှတ်ပါတော့
အခါပကွ၊ ဆုတ်ရက်ညမှာ
လအထွက်မြင့် စောင့်နဲ့ကွယ်။ ။

ခါနွေအပေါက်၊ သစ်ရွက်ခြောက်လို
ကိုင်းညှောက်မတွယ်၊ အောက်ဆင်းမယ်လေ. . . ။
ငါးတွေ့နိုးထင်၊ ချောင်းကိုကြည်လို့
မြစ်ခွင်အကျယ်၊ ရှာဦးမယ်လေ။ ။

အသင့်အပြုံး၊ သန့်နှလုံး၏
မဆုံးမေတ္တာ၊ ငါသိပါ၏။ ။

အသင့်အချစ်၊ သစ္စာစစ်၏
အနှစ်လျှမ်းချက်၊ ငါယုံမက်၏။ ။
အို - ဒါပေမယ့်
မိုက်တဲ့အသည်း၊ ဉာဏ်လည်းမယှဉ်
ထင်လိုထင်တော့။ ။
အမြင်လက်ပြောင်၊ မီးအရောင်ကို
ရွှေတောင်ရယ်လို့ ထင်သေးတယ်။ ။



ပြက်ပြက်ပေါ်ထင်၊ တံလျှပ်ဆင်ကို
ရေပြင်ရယ်လို့ ထင်သေးတယ်။ ။

မိုးကုတ်အခုံး၊ မြေအဆုံးကို
တွေ့ဦးမယ်လို့ ထင်သေးတယ်။ ။

အို - စောင့်သူရယ်
အဘယ်ခါမျိုး၊ လာလိမ့်နိုးဖြင့်
ယုံကိုးစိတ်စော၊ တမ်းမမောနှင့်
မောဟအမိုက်၊ အမှောင်တိုက်မှာ
စိတ်လိုက်မာန်ဝင့်၊ ထင်တိုင်းဖြင့်ကို
လေလွင့်မှူးမေ့၊ ငါရှူးမွေ့မယ်. . . ။ ။

ခွင့်လွှတ်ပါတော့
အခါပကွ၊ ဆုတ်ရက်ညမှာ
လ အထွက်ဖြင့်စောင့်နဲ့ကွယ်။ ။

ရှမဝ၊ ၁၉[illegible]

www.burmeseclassic.com

www.burmeseclassic.com



## ပြန့်၍မဖြစ်ပါစေနှင့်

မှုန်ပြာရီ
သီဝေလဲနေ၊ တိမ်ငွမ်းစုတို့
အထုအဆုပ်၊ ရွှေ့ရွှေ့သုတ်လျက်
လှုပ်လှုပ်ရှရဝယ် ထင်သတည်း။ ။

ပြာရီမှုန်
ငွေနုန်နဂါး၊ တိမ်လှိုင်းကြားမှ
ဘော်သားနှင့်သွန်း၊ လေ့အစွန်းသည်
ယွန်းယွန်းရှေဝယ်ထင်သတည်း။ ။

ရီမှုန်ပြာ
ကန်သာဦးထိပ်၊ တစ်ဘက်ဆိပ်မှ
သိပ်သိပ်အုပ်လွှမ်း၊ သစ်ပင်တန်းလျှင်
ဆန်းဆန်းရှေဝယ် ထင်သတည်း။ ။



မြကန်သာလယ်
တိမ်စွယ်လခြမ်း သစ်ပင်ဘာန် ဘို့
အဆန်းသွန်းဖိတ်၊ ထင်အရုပ်၌
စိတ်အာရုံစိမ့် တငြိမ့်ငြိမ့်လျှင်
ဖိုသိမ့်နှစ်မော၊ နေမိသောကြိုက်
ဟော - ရုတ်တရက်၊ ပလုံပွက်ကာ
တစ်ချက်ခဲလုံး ကျသည်တကား။ ။

နဂါးငွေနုန်၊ တိမ်ငွမ်းပုံလည်း
တုန်လှုပ်ပျောက်ပျက် ကွယ်တော့သည်။ ။

ငွေရည်တင့်လျှမ်း၊ လစောင်းခြမ်းလည်း
လှုပ်ရမ်းစိုးထိတ် ကွယ်တော့သည်။ ။

မဲနက်သိပ်သိပ်၊ သစ်အရိပ်လည်း
လန့်ထိတ်ကြောက်ရွံ့ကွယ်တော့သည်။ ။

ဟင်. . . နောက်ဆုံးတော့
ရုပ်လုံးလည်းပြယ်၊ ပုံပန်းကွယ်၍
ရေလယ်ကမ်းခြ၊ သဘာဝမှာ
အလှအဂါသုဉ်းလေပြီ။ ။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ကာ၊ ခါကြာသော်
ကြည်သာတင့်ရွှန်း၊ ဘော်ငွေစန်းသည်
ထွန်းထွန်းဖိတ်ဖိတ်၊ ကန်ရေမြိတ်မှာ
အရိပ်ထင်ကာ၊ ပြန်ပေါ်လာ၏။ ။
လဲဝါဂွမ်းနှစ်၊ အသစ်သစ်လည်း
ထွန်းလှစ်လွင်လွင်၊ အရိပ်ဆင်၍
ရေတွင်တစ်ဖန် ထင်လာပြန်၏။ ။

မားမားရပ်တည်၊ သစ်ပင်ရှည်တို့
ပင်စည်ရိပ်လွှ၊ ရေပေါ်ကျ၍
အလှနက်ဆွေ ပြုပြန်ပေ၏။ ။

အို. . . ရေပြင်လဲကြည်၊ ဤပန်းချီလျှင်
မသိဘေးမျိုး၊ ဂုဏ်မညိုးဘဲ
တိုး၍အလှဝေ၊ လွင်ပါစေတော့
ရိပ်ထွေဆန်းဆန်း၊ အံ့ဘွယ်ခန်းလျှင်
လှုပ်ရမ်းတစ်ချက်၊ ပလုံပွက်ကာ
မပျက်မယွင်းပါစေနှင့်။ ။

အိုးဝေမဂ္ဂဇင်း၊ ၁၉၅၂



# စစ်ကိုတားဆီးစို့

တွေးရှုပါလေ. . .
တို့တွေစုံမက်၊ လူ့အသက်ကို
ခွင်းဖျက်အံ့ကဲ၊ ကျည်ဆံရဲတို့
မစဲပစ်သွန်းမည့်အဖြစ်။ ။

တွေးရှုပါလေ. . .
စာပေပန်းပု၊ ပန်းချီနုစ
သုခုမနွယ်၊ အမယ်မယ်တို့
စစ်ဝယ်ပျက်စီးမည့်အဖြစ်။ ။

တွေးရှုပါလေ. . .
ရှေးမွေဟောင်းနှစ်၊ မော်ကြောင်းဖြစ်သည့်
ရှင်ချစ်မွေသရီ၊ ရွှေစေတီတို့
မတည်ယွင်းယိုမည့်အဖြစ်။ ။

www.burmeseclassic.com

www.burmeseclassic.com



တွေးရှုပါလေ. . .
ဖြာဝေပြန့်ပြော၊ အံ့တမောမျှ
မြကြောသွင်သွင်၊ လယ်တောပြင်တို့
မလွင်ညှိုးလျှမည့်အဖြစ်။ ။

တွေးရှုပါလေ. . .
ခက်တွေပြိုင်းပြိုင်း၊ မြင့်မှိုင်းမှိုင်းနှင့်
ကြိုင်းကြိုင်းသန်ပွား၊ သစ်တောများဟို
ထွားထွားညက်ကျေမည့်အဖြစ်။ ။

ငြိမ်းချမ်းရေးကို. . .
မြတ်လေးစုံမက်၊ ချစ်နှစ်သက်သည့်
"တခဲနက်များပြား၊ ပြည်သူများငဲ့
ခါးခါးသီးသီး၊ တို့မုန်းတီးသော
စစ်မီးလျှံအမောက်၊ ရုတ်ချည်းတောက်၍
ကွဲပေါက်ပွင့်ဆူ၊ လောင်မပူရန်
ဝေးမှုအားခဲ၊ အာဂဇွဲနှင့်
လက်တွဲတားဆီးကြပါဂို့။ ။

ဧဝေအမျိုးသမီး၊ ၁၉၅၂



# စစ်အပြီးဝယ်

လူကလူကို၊ အမျက်သို၍
ဗိုလ်ပါသင်းပင်း လုံးအရင်းနှင့်
မြို့ခွင်းရန်ကဲ၊ အားပြိုင်ပွဲကို
'စစ်ပွဲ' ဟူ၍ခေါ်တွင်၏။ ။
သို့လျှင်မာန်တက်၊ ပြိုင်ယှဉ်ဖက်၍
ဒဏ်ချက်ဒဏ်ရာ ပြည့်နှက်ကာလျှင်
နှစ်ဖြာနှစ်ဘက်
ခြေလက်လျှပန်း၊ ခွေယိုင်နွမ်းမှ
'ငြိမ်းချမ်းရေး' ဟု ဆိုလာ၏။ ။
စစ်၏အပြီး၊ ကမ္ဘာကြီးကို
သိပ်သည်းသေချာ၊ ကြည့်မိရာဝယ်. . .
အိုးအိမ်မြေယာ၊ ပြာကျကာလျှင်
ဝမ်းစာပြောင်းဆန်၊ ခွက်ချည်းကျန်လျက်
ဝတ်ရန်ဟူက၊ ချွတ်ချုံကျမို့
ဒုက္ခစုံစုံ၊ ကြုံရတုံသည်
ပြာပုံတွင်းမှ သူဆင်းရဲ။ ။

www.burmeseclassic.com

www.burmeseclassic.com







အခြားနေရာ၊ တစ်ဒေါင့်မှာလည်း
သည်းချာသားလှ၊ စစ်တွင်ကျကာ
သောကဖြိုင်ဖြိုင်၊ မဆည်နိုင်၍
မနိုင်ချစ်သဲ၊ စိတ်စိတ်ကွဲသည့်
ငိုမစဲသော မိခင်အို။ ။

ထို့ပြင်တဝ
မြင်ကစိတ်ထဲ၊ ညွတ်ကြေကွဲမိ
ခြေလဲ(လည်း)အတု၊ လက်အတုနှင့်
လူ့အဖြစ်ဆုံး၊ ရှုံးကြီးရှုံးသည့်
လူလုံးမလှ စစ်သားဟောင်း။ ။

ထိုမှတစ်ပါး
မားမားစွင့်စွင့်၊ တိုက်အိမ်မြင့်ထက်
စစ်နှင့်ကြီးပွား၊ 'ဦးစားဖား' မှူ
ခြားနားတစ်ဟန်၊ အောင်ပွဲခံသည်. . .
ဘရန်ဒီနှင့်မိန်းမနှင့်။ ။

အိုးဝေသတင်းစာ၊ ၁၉၅

www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်းချမ်းရေးကိုတောင်းဆို၏

ငါချစ်လှသည့်
စိမ်းမြသန်ရှင်၊ လယ်ကွင်းပြင်သည်
မှိုင်းဆင်မှောင်ပိုး၊ စစ်မီးခိုးဖြင့်
နွမ်းညှိုးကြေအံ့စိုးမိ၍။ ။

ငါကြည်နူးသည့်
ညွှန့်ဦးနုညက်၊ နွားစားကျက်ဝယ်
နှစ်သက်မဆုံး၊ ကြော့ 'အပြုံး' လျှင်
ပျက်သုန်းကွယ်အံ့ စိုးမိ၍။ ။

ငါခင်တွယ်သည့်
စုံကြွယ်ပွင့်ထွား၊ သစ်တောများ၏
မြသားသစ်ငုံ၊ အလှဂုဏ်လျှင်
ညှို့မှုန်ယွင်းအံ့ စိုးမိ၍။ ။



ငါဆည်းကပ်သည့်
မြတ်မွေသရီ၊ ရွှေစေတီတို့
စင်ကြည်ထွန်းဝေ၊ မြတ်သည့်မြေလျှင်
ပျက်ကြေရအံ့ စိုးမိ၍။ ။
ငါမှီခိုသည့်
ရိပ်စိုအိမ်နန်း၊ အခန်းခန်းလျှင်
ဟော့ရမ်းမာန်သုန်၊ မီးအဟုန်ဝယ်
ပြာပုံဆိုက်အံ့ စိုးမိ၍။ ။

ငါစုံမက်သည့်
အသက်သွေးခဲ၊ ဖျက်ချေခွဲမည့်
မစဲရွာဖြိုး၊ ကျည်ဆံမိုးလျှင်
အဆိုးဖန်အံ့ စိုးမိ၍။ ။

လူ့လောက၏
လှပခန့်ညား၊ မှန်တရားကို
ကွဲပြားပြုန်းကြေ၊ ပျက်စီးစေမည့်
အခြေဆိုးဝါး၊ စစ်ကိုတားဘို့
အများအလို၊ ငါတောင်းဆိုသည်
တို့ကိုပေးလော့၊ ငြိမ်းချမ်းရေး။ ။

သွေးသောက်၊ ၁၉[illegible]၂

www.burmeseclassic.com

www.burmeseclassic.com





# တွေးကြည့်စမ်းပါ

တစ်နေ့ပေါက်သော်
ပင်အောက်တစ်ခို၊ ဥဒဟိုတည့်
ရင့်ဖိုညှိုယောင်း၊ ရွက်အဟောင်းတို့
ခညောင်းမြေဝယ် ကြွေသည်တကား။

ယခုခါဝယ်
ရော်ဝါလိပ်ခွေ၊ မြေမှာလေလည်း
မိုးစွေအုံ့ပျ၊ ခါမိုးကမူ
မြမြရွှန်းတင့်၊ စိမ်းရည်ပွင့်၍
ပင်မြင့်ရုက္ခာ၊ သူ့ 'မာတာ' ကို
အစာချက်လုပ် ကျွေးခဲ့သည်။

ယခုခါဝယ်
မြေမှာသက်ကြွေ၊ ကျိုးမဲ့ချေလည်း
တစ်နေ့တစ်မိုး၊ အမျိုးမျိုးပြောင်း
နှစ်ရှည်ညောင်းသော်
သောင်းသောင်းဝေဖြာ၊ မြေသြဇာနှင့်
မာတာရုက္ခ၊ အပင်မကို
တစ်ဝပြုစုပေဦးမည်။

တွေးကြည့်စမ်းပါ
ရုက္ခာကိုင်းထက်၊ သစ်ရွက်လောက်မျှ
ဘဝအသိ၊ တို့မရှိဘဲ
လူ၏စည်စိမ်၊ ရိပ်ချမ်းငြိမ်ကို
ဖိမ်ခံမူးရစ်၊ ဖြုန်းတီးပစ်မူ
အနှစ်မဲ့စွ၊ တို့ဘဝသည်
ဘယ်မျှတန်ဘိုးရှိမည်နည်း။ ။

သွေးသောက်၊ ၁၉၇၂

www.burmeseclassic.com

www.burmeseclassic.com



## လိပ်နှင့်လူ

ငါကမေးသည်
"မှုရေးကျွမ်းကျင်၊ အိုဘခင်ငဲ့
ချစ်ကြင်သည်းအူ၊ သားခွန်းကြူမည်
လူဆိုသည်တား အဘယ်နည်း"။

သူဖြေကြားသည်
"ငါ့သားပုတ္တာ၊ သိလိုပါမူ
လိုက်ကာလာပ့်၊ မွေးဖေပြအံ့"
နွတ်ကထိုထို၊ ထုတ်ဟဆို၍
ငါ့ကိုခေါ်သွား၊ ကမ်းခြေနားတည့်။

သောင်စပ်ကမ်းနား၊ ရောက်ဘိပြောသော်
"ငါ့သားသည်းညှာ၊ လူဆိုတာကား
ဟိုမှာဘဲလေ၊ သိပါချေ" တဲ့
မွေးဖေညွှန်ရာ၊ ငါကြည့်ပါသော်
သဲဝါပြင်ထက်၊ ကိုယ့်ဘက်ယက်၍
သွားလျက်နေသူ၊ မျက်နှာမူမိ
လူသည်လိပ်နှင့် တူပါတကား။

ကလောင်စုံ၊ ၁၉၅၀



## အရှုံး

ပိုင်စိုးဥစ္စာ၊ ရတနာတို့
ပျောက်ကာကွယ်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းလည်း
ရှုံးသည်ဟူ၍ မအောက်မေ့လင့်။

ရာထူးဂုဏ်ရှိန်၊ ရစ်စည်းစိမ်တို့
မှေးမှိန်ပျက်ကြေ၊ ဆုံးရချေလည်း
ရှုံးလေသည်ပင်၊ တွေးမထင်လင့်။

အပေါင်းအသင်း၊ ချစ်ရောင်းရင်းနှင့်
စိတ်ချင်းသွေကွက်၊ မိတ်လျှင်ပျက်လည်း
ရှုံးချက်နာစွ၊ မယူဆလင့်။

သို့တစေလျှင်
ကိုယ်တွင်ယွင်းချွတ်၊ တရားလွတ်၍
ကျင့်ဝတ်သိက္ခ၊ စာရိတ္တသာ
လုံးဝပျက်သုဉ်း၊ လက်လွတ်ဆုံးသော်
အရှုံးမဆည်နိုင်တော့ပြီ။

ရှုမဝ၊ ၁၉၅၀

www.burmeseclassic.com

www.burmeseclassic.com



# မေးပါရစေ

မေးပါရစေ
ထွေထွေပုရွှ လူဟူမျှတို့
ထကြွအမြင်း လုံးပမ်းခြင်းသည်
လိုရင်းဘာကြောင့်ဖြစ်သနည်း။ ။

စားလိုရေးကြောင့်
သွေးနှင့်ရင်းကာ ကြိုးကြသည်၊ ။

ဝတ်လိုရေးကြောင့်
ချွေးနှင့်ရင်းကာ ကြိုးကြသည်၊ ။

မေးပါရစေ
ထွေထွေပုရွှ လူဟူမျှတို့
ဝမ်းဝလိုရေး၊ ခါးလုံရေးတွက်
မအေးနေ့ည၊ ကြိုးပမ်းရလည်း
မဝထမင်း၊ ဆင်းရဲခြင်းသည်
ကြောင်းရင်းဘယ်တွက် ဖြစ်သနည်း

ပဒေသာ၊ ၁၉၄၉



# ဖွဲ

ငွေမိုးပြာပြာ ဝဥ္စာထက်က
ပြာပြာလက်လက်၊ ငွေသွေးလျှံ၊
'ဆွတ်လှည့်ပါ အို ယောက်ျား' လို့
မျှားနေသည့်ဟန်၊ ။

စစ်အမှန် ဆွတ်ရန်ဖြင့်ခက်သား
ထက်ဝေသီ-ငွေခြည်တင့်လို့
မြင့်လှချည်လား။ ။

ဆွတ်ကွယ်ဟော့ - ဆွတ်ကွယ်
ကျွားမှန်ရင် ဘယ်အလုပ်မှ
နောက်မဆုတ်နဲ့ကွယ်။ ။

တမွတ်ငွေကြယ်- လွတ်မယ်တဲ့လား
မိုးတိမ်ယံ ဝဲပျံသန်းလို့
လက်လှမ်းကာ အမိဆွဲမယ်
ဖွဲနဲ့ ယောက်ျား။ ။

[illegible] ရှုံရှာနယ် [illegible]

www.burmeseclassic.com